မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၈)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗ ပါပဿ အကရဏံ
မကောင်းတာ (အကုသိုလ်) ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ
ကောင်းတာ (ကုသိုလ်) မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ
မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ
ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုကျတည်း။ ။

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေးခန်း၌ ကျင်းပသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေး (၄/၂၀၀၆) တွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး (၄/၂၀၀၆) ကျင်းပ

လာမည့်အမျိုးသားညီလာခံတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့်စာတမ်းများ စိစစ်ဆွေးနွေး

နေပြည်တော် ဇွန် ၁၇

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေး (၄/၂၀၀၆)ကို ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်း၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မြန်မာ့အလင်း

အင်တာနက် သတင်းဓာတ်ပုံ နှင့် ကမ္ဘာ့ပလား အညွှန်း

တောင်တရုတ်ပင်လယ်၌ သဘာဝဓာတ်ငွေ့သိုက် တွေ့ရှိ

အင်တာနက် သတင်းနှင့်ဓာတ်ပုံ (စာ-၆)

ခရိုအေးရှား အသင်းကို ခက်ခက်ခဲခဲ ကစားရမည်ဟု ဂျပန်နည်းပြ ဇစ်ကို ပြောကြား

ရော်နယ်ဒို ပါဝင် ကစားရန် ဘရာဇီး နည်းပြ စီစဉ်

ကမ္ဘာ့ဖလား နောက်ဆုံးသတင်းများ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

18-6 (01).p65 1 1/20/32, 2:16 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

သီးနှံအထွက်နှုန်းမြင့်မားစေမည့် ဆည်မြောင်းတာတမံများ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်၏ ပင်မစီးပွားရေးလုပ်ငန်းဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် စွမ်းဆောင်နိုင်သည်နှင့်အမျှ အမျိုးသားစီးပွားရေး တောင့်တင်း ခိုင်မာလာမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်မြင့်မားလာရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေရရှိရေး အစီအမံများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

မွန်ပြည်နယ် သထုံမြို့နယ်၌ မရမ်းကုန်းရေထိန်းတံခါးကို မေလ ၂၇ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ မရမ်းကုန်း ရေထိန်းတံခါးကို ဖွင့်လှစ်နိုင်သဖြင့် မရမ်းကုန်းချောင်းဘေးရှိ စိုက်ပျိုးမြေဧကတစ်သောင်းကို ရေကြီးရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

မိုးစပါးစိုက်ပျိုးမှု ပိုမိုဖြစ်ထွန်းလာတော့မည်ဖြစ်သကဲ့သို့ နွေစပါးနှင့် အခြားသီးနှံများ သီးထပ်စိုက်ပျိုးမှုတွင် အချိန်စောစိုက်ပျိုးမှုနှင့်အတူ သီးနှံစိုက်ပျိုးထွက်ရှိမှု တိုးတက်အောင်မြင်မှု အကျိုး ခံစားရတော့မည်ဖြစ်သည်။

မရမ်းကုန်းရေထိန်းတံခါးသည် ကွန်ကရစ်ရေထိန်းတံခါးဖြစ်ပြီး ရေဆင်းဧရိယာ ၂၇ ဒသမ၅စတုရန်းမိုင်ရှိပြီး မရမ်းကုန်းချောင်းပေါ်တွင် တည်ဆောက်ထားသည်။ ရေတံခါးအရွယ်အစားမှာ အကျယ်၆ပေ၊ အမြင့်၁၂ပေရှိ၍ ရေတံခါး စုစုပေါင်း ၁၅ပေါက်ပါရှိသည်။ ရေခေါ်မြောင်းမကြီးသည် အရှည်ပေ၁၀၅၆၀ရှိပြီး ရေထုတ်မြောင်းမကြီးသည် အရှည်ပေ ၇၉၂၀ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်မြင့်မားလာရေးအတွက် အဓိကကျသော စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်စေရန် အစီအစဉ်တကျ ဆောင်ရွက်ပေးနေသကဲ့သို့ သီးနှံများ စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ဆန်စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံစသည်တို့ကိုလည်း ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်၍ အထွက်နှုန်းများ သတ်မှတ်သည့်အတိုင်း ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်းတွင် ဆည်တမံ ရေထိန်းတံခါးပေါင်း ၁၈၆ခုကို တည်ဆောက်ပေးနိုင်ခဲ့၍ လယ်မြေဧက၂၆သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်လျက်ရှိသည်။ မရမ်းကုန်းရေထိန်းတံခါး အပါအဝင် ဆည်မြောင်းတာတမံများမှ စိုက်ပျိုးရေ တိုးတက်ဖြန့်ဝေပေးနိုင်မှုကြောင့် သီးနှံစိုက်စွမ်းအား မြင့်မားလာကာ သီးနှံအထွက်နှုန်း သိသိသာသာ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၂/၂၀၀၆) ဖွင့်ပွဲကို ယမန်နေ့ နံနက်၉နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖော်ထုတ်ရွေးချယ်သွားမည်

အဆိုပါသင်တန်းသို့ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ရန်ကုန် တောင်ပိုင်းခရိုင်တို့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြပြီး သင်တန်းပြီးဆုံးပါက သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များ၌ ဆင့်ပွားသင်တန်းများကို ပြန်လည်ဖွင့်လှစ်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင် ဆယ်အိမ်စုမှူးများအား ဖော်ထုတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှတ် ၂ ရတနာလမ်း ချင်းတွင်း ရိပ်သာ ယုဇန ဥယျာဉ်မြို့တော်နေ ဦးလှအောင်-ဒေါ်စန်းစန်းမြင့် မိသားစုက ဗဟန်းမြို့နယ် ဗိဇိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၆-၂၀၀၆
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၅ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ" တရားတော်**
၉:၁၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"ကိုရုပ်ဆိုးနှင့် ရွှေမင်းသမီး"**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Portugal°Vs°° Iran°(Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၉။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၀ ၁၀။ လျှပ်တစ်ပြက်
၇:၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၅၂)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Brazil Vs Australia (Live)

၁၉-၆-၂၀၀၆ (နံနက်ပိုင်း)

၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ France Vs Korea°(Live)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၆
(တနင်္ဂနွေနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ စားကောင်းမယ့်ထမင်းတစ်လုပ်
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ Myanmar Video Rhythm
၈:၁၅ ပြည်တွင်းသတင်းအကျဉ်း
၈:၂၅ မြေပြင်ရှုခင်းဖန်ဆင်းခြင်း (အပိုင်း-၁)
၈:၅၀ တေးဂီတအစီအစဉ်
၈:၅၅ မိုးလေဝသခန့်မှန်းချက်
၉:၀၀ တည်ငြိမ်အေးဆေးစွာ တရားဘာဝနာအားထုတ်နိုင်စေရာ
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀ Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ သန့်ရှင်းလတ်ဆတ် စံချိန်မီ မြန်မာ့ချက်နို့ဆီ
၁၀:၅၅ တေးဂီတအစီအစဉ်
၁၁:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀ လျှပ်စစ်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်း
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ နိုင်ငံတကာအနုပညာရေးရာ (ကောင်းထက်ဇော်၊မွန်မွန်)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo၊

(အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိသုံးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။)

လာမည့်အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ကြိုတင်ဆောင်ရွက်ရန် တင်ပြညှိနှိုင်းသွားမည်ဖြစ်၍ ကဏ္ဍအလိုက်ဆွေးနွေး

● **ရှေ့ဖုံးမှ**

အဆိုပါအစည်းအဝေးသို့အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ပြန်လည်ကျင်းပမည်

ရှေးဦးစွာ အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံတွင် နောက်တစ်ကြိမ် အမျိုးသားညီလာခံကို တောင်သူလယ်သမားများ စိုက်ချိန်၊ ပျိုးချိန် ပြီးစီးပြီး အလုပ်အကိုင် ပါးမည့် နှစ်ကုန်ပိုင်းလောက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းကို မိမိပြောကြားခဲ့ကြောင်း။

ယင်းပြောကြားချက်နှင့် အညီ နောက်တစ်ကြိမ် အမျိုးသားညီလာခံကျင်းပရေးအတွက် ညှိနှိုင်းနိုင်ရန် ယခုအမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း။

ပြီးခဲ့သော အမျိုးသားညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့်ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တပ်မတော်အခန်းနှင့်စပ်လျဉ်း၍လည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးတို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက လေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြခြင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ကိုယ်စားလှယ်အစုအဖွဲ့ရှစ်ဖွဲ့တို့က အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကျင်းပခြင်း၊ အကြံပြုချက်စာတမ်းများကို ရေးသားပြုစုခြင်း၊ ကိုယ်စားလှယ်အစုအဖွဲ့များတွင် စာတမ်းများဖတ်ကြားအတည်ပြုခြင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

စုစည်းကောက်နုတ်တင်ပြ

အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုတင်ပြချက်များကို အမျိုးသားညီလာခံစုံညီအစည်းအဝေးအလုပ်ကျသဘာပတိအဖွဲ့က အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ စုစည်းကောက်နုတ်တင်ပြနိုင်ရန်အတွက် အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အနေဖြင့် လာမည့် အမျိုးသားညီလာခံတွင် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြသည့်စာတမ်းများကို စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ နောက်လာမည့် ညီလာခံတွင် တင်ပြဆွေးနွေးရန်ရှိသည့် ကျန်အခန်းခေါင်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကိုလည်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ တင်ပြသွားရန်ဖြစ်ကြောင်း။

ကြပ်မတ်ဆောင်ရွက်

အထူးသဖြင့် ယခုကာလတွင် အမျိုးသားညီလာခံကျင်းပသည့်ခန်းမကြီး၊ အစုအဖွဲ့အစည်းအဝေးခန်းများ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တည်းခိုဆောင်များ၊ စားသောက်ဆောင်များမှအစ အဆောက်အအုံများအားလုံးထိန်းသိမ်းပြင်ဆင်ရေး၊ ဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး၊ သစ်ပင်ပန်းမန်များဖြစ်ထွန်း၍ လှပသာယာရေးတို့ကို အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီက ကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့်စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက်များအနက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က သိရှိအဆုံးအဖြတ်ပေးရမည့်ကိစ္စများနှင့်လာမည့်အမျိုးသားညီလာခံနှင့်စပ်လျဉ်း၍ ကြိုတင်စီစဉ်ဆောင်ရွက်ရန်ကိစ္စများကို တင်ပြဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်၍ သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်တွင် အမျိုးသားညီလာခံကို ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်က ဆက်လက်ဆောင်ရွက်လျက်ရှိသည့် ကိစ္စများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားရေး လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည့် အားလျော်စွာ သမိုင်းမှတ်တမ်း အထောက်အထားများ ခိုင်ခိုင်မာမာ ကျန်ရှိစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်း ကိစ္စ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အခြေအနေနှင့် ဘဏ္ဍာငွေသုံးစွဲမှုကိစ္စများနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီက အမျိုးသားညီလာခံ ခေတ္တရပ်နားပြီးနောက်ပိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံ ခေတ္တရပ်နားပြီးနောက် အမျိုးသားညီလာခံကျင်းပရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ညီလာခံတွင် အသုံးပြုသည့်ပစ္စည်းများ၊ ကိုယ်စားလှယ်များအသုံးပြုသည့် ပစ္စည်းပစ္စယများကို စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ခြောက်သွေ့ရာသီတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ၊ မိုးကာလတွင် လေမိုးဒဏ်ကြောင့် အဆောက်အအုံများ ပျက်စီးမှုရှိမရှိ စစ်ဆေးဆောင်ရွက်နေမှုအခြေအနေ၊ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့အပြင် လာမည့် အမျိုးသားညီလာခံတွင် တင်သွင်းရန်ရှိသော စာတမ်းများကို အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြရာ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင်များက စိစစ်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကိုညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ကော်မရှင် အတွင်းရေးမှူး ရှင်းလင်း

အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်း

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ရှင်းလင်း

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အထက(၃)မရမ်းကုန်း၌ ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇွန်၁၆ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်တင်တင်မြ၊ ဒေါ်ခင်နွယ်နွယ်၊ ဒေါက်တာသန်းဦးနှင့် အမှတ်(၃) အခြေခံပညာ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ဟောပြောပွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ကျန်းမာရေးအသိပညာပေးဟောပြောရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူများအား ကျန်းမာရေးအသိပညာ အကြိုဆန်းစစ်ခြင်းများကို ပြုလုပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးတို့က ကျန်းမာရေးပညာပေးဟောပြောကြပြီး ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုများကိုချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ကြည်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျန်းမာရေးပညာပေးဟောပြောပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်နွယ်နွယ်က ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (မိခင်/ကလေး)

ဆူနာမီကြိုတင်သတိပေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဗန်ကောက်မြို့၌ ကျွမ်းကျင်ပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ဗန်ကောက် ဇွန် ၁၇

အိန္ဒိယ သမုဒ္ဒရာဝန်းကျင်ဒေသနှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်များပါဝင်သော ကျွမ်းကျင်ပညာရှင် ၁၃၀ ကျော်သည် ဆူနာမီကြိုတင်သတိပေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်အတွက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၁၅ ရက်က စုဝေးရောက်ရှိနေကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲတွင်အိန္ဒိယ သမုဒ္ဒရာ ဝန်းကျင်ဒေသများအတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေး၊ ကြိုတင် ပြင်ဆင်မှု လုပ်ငန်းများနှင့် ဆူနာမီ ကြိုတင်သတိပေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။

အမြင်ချင်းဖလှယ်

နိုင်ငံတကာ သဘာဝ ဘေးအန္တရာယ် လျော့နည်းသက်သာစေရေး မဟာဗျူဟာ (အိုင်အက်စ်ဒီအာ) က ကြီးမှူးကျင်းပသည့် သုံးရက်ကြာ ကျင်းပမည့် အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်လာသူများသည် ဆူနာမီ ကြိုတင်သတိပေးစနစ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များကိုနိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှ ရရှိသော အတွေ့အကြုံနှင့် သင်ခန်းစာများကို အမြင်ချင်းဖလှယ်ကြမည် ဖြစ်သည်။

ရည်ရွယ်

ယခုကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသည် သဘာဝဘေးအန္တရာယ် ကျရောက် ထိခိုက်နစ်နာမှုများ လျော့နည်းသက်သာရန် ဆူနာမီ ကြိုတင်သတိပေးစနစ်နှင့် အစိုးရများအတွက် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှု လုပ်ငန်းများတွင် ဖွံ့ဖြိုးမှုအစီအစဉ်များ၊ ထိရောက်သောလမ်းညွှန်မှုများအတွက် မည်သို့ ပူးပေါင်းဆောင်ရွက်ကြမည် ဆိုသည်ကိုအလေးအနက်ထား ဆွေးနွေးရန်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် ခိုင်မြဲရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။ **အမ်အင်အေးဆင်ဟွာ**

အဝလွန်သူများအား တရုတ်၌သင်တန်းပေး

ပေကျင်း ဇွန် ၁၇

တရုတ်နိုင်ငံတွင် အဝလွန်သူဦးရေသည် တိုးတက်များပြားလာနေကြောင်း၊ အဝလွန်မှုကြောင့် နောက်ဆက်တွဲရောဂါဝေဒနာများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန်၁၅ရက်၌ပြောကြားသည်။

ထို့ကြောင့် အဝလွန်မှုရောဂါ လျော့နည်းသွားစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ၎င်းတို့အား သင့်တင့်လျောက်ပတ်သော အစားအစာများကို စားသုံးရန်နှင့် ကျန်းမာရေး သင်တန်းများတွင် ကိုယ်လက်လှုပ်ရှား အားကစားများကို မှန်မှန်လေ့ကျင့်မှုပြုလုပ်၍ အဆီကျအောင်လုပ်ဆောင်ရန် တိုက်တွန်းထားသည်။

အမ်အင်အေးဆင်ဟွာ

အာဖဂန်ရဲတပ်ဖွဲ့ ထူထောင်ရေးအတွက် တရုတ်အထောက်အကူပြုပစ္စည်းများပေးအပ်

ကဘူးလ် ဇွန် ၁၇

စစ်ပြီးခေတ် အာဖဂန်နစ္စတန်နိုင်ငံ၏ ရဲတပ်ဖွဲ့ပြန်လည်ထူထောင်ရေးအတွက် တရုတ်နိုင်ငံသည် အထောက်အကူပြုပစ္စည်းများကို ပေးအပ်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ဇွန် ၁၃ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံသည် အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့အတွက် မော်တော်ဆိုင်ကယ်များ၊ ရော်ဘာတုတ်များ၊ ကွန်ပျူတာများနှင့် စုံစမ်းစစ်ဆေးရေးတွင် အသုံးပြုသည့်ပစ္စည်းများ အပါအဝင် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သောကိရိယာများကို ဇွန် ၁၁ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

ယင်းအထောက်အကူပြုပစ္စည်းများသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅ သန်းတန်ဖိုးရှိကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံရဲတပ်ဖွဲ့ ပြန်လည်ထူထောင်ရေးအတွက် အကူအညီပေးခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ပြောကြားသည်။

အမ်အင်အေးဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် အဝလွန်သူများ ဘောလုံးကစားနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာရှတွင်အရပ်အရှည်ဆုံးတရုတ်အမျိုးသမီး ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေရ

ရှန်ဟိုင်း ဇွန် ၁၇

အာရှတွင် အရပ်အရှည်ဆုံးအမျိုးသမီး ယောင်ဒီဖန်းသည် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ဆေးရုံတွင် ဦးနှောက်အသားပိုရောဂါကြောင့် ဆေးဝါးကုသမှု စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆေးရုံမှတာဝန်ရှိသူများက ဇွန်၁၄ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

သူမ၏အရပ်သည် ၇ဒသမ၇၄ ပေရှိသောကြောင့် အာရှတွင်အရပ်အရှည်ဆုံး အမျိုးသမီးဖြစ်ပြီး ကမ္ဘာတွင်လည်း အရပ်အရှည်ဆုံး အမျိုးသမီးဖြစ်နိုင်သည်ဟု ယူဆထားသည်။ ယောင်အား တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်ရှိ ဆင်းရဲသော လယ်သမားမိသားစုမှ မွေးဖွားလာခြင်းဖြစ်သည်။ သူမသည် မကြာသေးမီကာလက ကမ္ဘာ့အရပ်အရှည်ဆုံး အမျိုးသမီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သော အမေရိကန်နိုင်ငံမှ စန္ဒီအောလင်းထက် ငါးစင်တီမီတာ အရပ်ပိုရှည်ကြောင်း ဆရာဝန်များက ပြောကြားသည်။

သူမ၏ ဦးနှောက်အောက်၌ တည်ရှိပြီး ခန္ဓာကိုယ်ကြီးထွားမှုကို အကျိုးပြုသည့် ဟော်မုန်းဓာတ်ထုတ်ပေးသော အကျိတ်တွင် ကြီးမားသော အသားပိုဖြစ်တည်နေခဲ့သဖြင့် ဦးနှောက်အသားပိုရောဂါကို ခံစားနေခဲ့ရသည်။ ယင်းရောဂါသည် သူမ၏ အရိုးများကို ချည့်နဲ့အားနည်းစေခဲ့သည်။

ယင်းရောဂါဖြစ်ပွားမှုသည် သူမ၏ သာမန်ထက်ပိုရှည်သော အရပ်နှင့် သက်ဆိုင်သည်ဟု ဆရာဝန်များက ယူဆကြသည်။ သူမအား စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ခွဲစိတ်ကုမှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ဆရာဝန်များက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေးရိုက်တာ**



အီရတ်၌သေဆုံးသောအမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ ရှိသွားပြီဟု ပင်တဂွန်ပြောကြား

ဝါရှင်တန် ဇွန် ၁၇

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်သည် ၂၅၀၀ အထိရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဇွန် ၁၅ ရက်၌ ပြောကြားသည်။

ယင်းသေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ အနက် ၁၉၇၂ ဦးမှာ တိုက်ပွဲ၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး ၅၂၈ ဦးမှာ ယာဉ်မတော်တဆမှုနှင့် ကိုယ့်ကိုယ်ကိုသတ်သေခြင်းကဲ့သို့ တိုက်ပွဲမဟုတ်သည့် အခြေအနေများတွင် သေဆုံးခဲ့ကြောင်း ပင်တဂွန်က ပြောကြားသည်။

ဇွန် ၁၅ ရက်အထိ အီရတ်၌သေဆုံးမှုအခြေအနေ

အမေရိကန်တပ်ဖွဲ့ဝင်	-	၂၅၀၀
ဗြိတိသျှတပ်ဖွဲ့ဝင်	-	၁၁၃
အခြားတပ်ဖွဲ့ဝင်	-	၁၁၃
အီရတ်ပြည်သူ	-	၄၀၀၀၀ ခန့်

၂၀၀၃ ခုနှစ် မတ်လမှစပြီး အီရတ်ကို အမေရိကန် ဦးဆောင်၍ ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက် ဒဏ်ရာရသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၈၄၉၀ ရှိကြောင်း ပင်တဂွန်က ထပ်လောင်းပြောကြားသည်။

ယင်းစစ်ပွဲသည် တစ်ရက်ပျမ်းမျှ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှုန်း သေဆုံးနေကြောင်း၊ တစ်လလျှင် ၆၄ဦးနှုန်း သေဆုံးနေကြောင်း သိရသည်။ **အမ်အင်အေးရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း၌ မိုးကြိုးထိမှန်၍ လူ ၁၁ ဦးသေဆုံး

ရှန်ဟိုင်း ဇွန် ၁၇

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်တွင် ယခုနှစ် ဇွန်လ အစကတည်းက မိုးကြိုးထိမှန်၍ လူ ၁၁ ဦးသေဆုံးခဲ့သည်ဟု မိုးလေဝသဌာနက ဇွန်၁၅ရက်တွင် ပြောကြားလိုက်သည်။

မိုးကြိုးထိမှန်၍ သေဆုံးမှုနှုန်းသည် ယခင်နှစ်က ယင်းကာလနှင့် နှိုင်းယှဉ်လျှင် ငါးဦးမြင့်တက်သွားခဲ့သည်။ သေဆုံးသူများထဲတွင် လယ်သမားရှစ်ဦးမှာ လယ်ယာမြေများအတွင်း ထွန်ယက်စိုက်ပျိုးနေစဉ် မိုးကြိုးထိမှန်၍ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ပြည်နယ်မိုးလေဝသဌာနက ပြောကြားခဲ့သည်။

ဒေသခံလယ်သမားများအား မိုးသက်မုန်တိုင်းများ ကျရောက်နေချိန်အတွင်း လယ်ယာမြေများသို့ သွားရောက်စဉ် စက်ဘီး၊ မော်တော်ဆိုင်ကယ်နှင့် လယ်ထွန်စက်များဖြင့် သွားလာခြင်းမပြုဘဲ အကာအကွယ်ကောင်းသော အမိုးအကာအောက်နှင့် သစ်ပင်များအောက်တွင် နေထိုင်ကြရန် မိုးလေဝသဌာနက အကြံပြုပြောကြားထားသည်။

အမ်အင်အေးဆင်ဟွာ

နိုင်ငံတကာဆိုင်ရာ အိုင်တီနည်းပညာ ကွန်ဖရင့် လာမည့်သီတင်းပတ်တွင် ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည်

ကုလသမဂ္ဂ ဇွန် ၁၇

သတင်းပြန်ကြားရေးနည်းပညာဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်တစ်ရပ်ကို လာမည့်သီတင်းပတ်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း ကုလသမဂ္ဂပြည်သူ့သတင်း ပြန်ကြားရေးဌာနက ဇွန် ၁၄ရက်၌ ပြောကြားလိုက်သည်။

အဆိုပါကွန်ဖရင့်၌ အသက်အရွယ်ကြီးရင့်သူများ၏ ဘဝအခြေအနေကို အကာအကွယ်ပေးနိုင်ရန် သတင်းဆက်သွယ်ရေး နည်းပညာက မည်ကဲ့သို့ အကာအကွယ်ပေးနိုင်သည်ကိုလည်း ဆွေးနွေးကြမည်ဖြစ်သည်။

ယခုကဲ့သို့ အီလက်ထရွန်နစ်နည်းပညာနှင့်ပတ်သက်၍ ဆွေးနွေးပွဲတွင် ပြည်သူတို့၏ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် အစိုးရ၏ အမျိုးမျိုးသောအခြေအနေများအား သတင်းဆက်သွယ်ရေး အဆင့်မြင့်လမ်းကြောင်းများနှင့် မည်သို့ချိတ်ဆက်နိုင်မည်ကို ဆွေးနွေးကြမည်ဖြစ်သည်။

ကမ္ဘာတွင် လစဉ်အသက်အရွယ်အိုးမင်းရင့်ရော်သူ ၁ ဒသမ ၂ သန်း တိုးလျက်ရှိရာ ယင်းမှာစိန်ခေါ်မှု တစ်ရပ် ဖြစ်လာလျက်ရှိသည်။

ဆွေးနွေးညှိနှိုင်း

ယခုကျင်းပမည့် ကွန်ဖရင့်သည် ကမ္ဘာ့သတင်းပြန်ကြားရေးနှင့် သတင်းဆက်သွယ်ရေး နည်းပညာနယ်ပယ်များမှ ကျွမ်းကျင်သူပညာရှင်များ၊ အစိုးရအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များနှင့် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ သုတေသနပညာရှင်များ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကာဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အာတိတ်ဒေသရှိ ပိုလာဝက်ဝံ မိသားစုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အဆိပ်ဖြစ်စေသော ဓာတုပစ္စည်းများ အာတိတ်ဒေသ တိရစ္ဆာန်များအား အန္တရာယ်ပြုနေ

ဂျိနီဗာ ဇွန် ၁၇

အဆိပ်ဖြစ်စေသော ဓာတုပစ္စည်းများသည် ဝင်ရိုးစွန်း ပိုလာဝက်ဝံများ၊ ဝေလငါးဖြူများ၊ ပင်လယ်ဖျံများနှင့် ပင်လယ်ပျော်ငှက်များ အပါအဝင် အာတိတ်ဒေသရှိ တိရစ္ဆာန်များကို အန္တရာယ်ကျရောက်လျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး ကမ္ဘာ့တောရိုင်း တိရစ္ဆာန်များဆိုင်ရာ ရန်ပုံငွေအဖွဲ့(ဒဗလျူဒဗလျူအက်ဖ်)က ဇွန် ၁၅ရက်တွင် ပြောကြားသည်။

မီးလောင်မှုများနှင့် အဆိပ်ဖြစ်စေသည့် ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများကဲ့သို့ ညစ်ညမ်းမှုဖြစ်စေသော အရာများသည် အာတိတ်ဒေသရှိ တောရိုင်းတိရစ္ဆာန်များ၏ ကိုယ်ခံအားခုခံနိုင်မှုနှင့် ဟော်မုန်းဓာတ် အနှောင့်အယှက်ပေးမှု အပါအဝင် ကျန်းမာရေးပြဿနာများဖြစ်လာရန် ပျော့ကွက်များဖြစ်လာစေကြောင်း ၎င်းတို့က ပြောကြားသည်။

ထိခိုက်ပျက်စီး

ဓာတုပစ္စည်းများသည် တောရိုင်းတိရစ္ဆာန်များ၏ ကျန်းမာရေးကို ထိခိုက်ပျက်စီးစေသည့် ယင်းအချက်အလက်များကို မိမိတို့အနေဖြင့် ကြာရှည်စွာ လျစ်လျူရှုမထားနိုင်ကြောင်း ဆွစ်အခြေစိုက်နိုင်ငံတကာ အာတိတ်ဒေသဆိုင်ရာ အစီအစဉ်အဖွဲ့ ညွှန်ကြားရေးမှူး ဆာမင်သာစမစ်က ပြောကြားသည်။

ပြောကြား

အာတိတ်ဒေသတွင် ဓာတုဆိုင်ရာ ညစ်ညမ်းမှုများသည် အသက်ရှင်ကျန်လျက်ရှိသည့် ဒေသဆိုင်ရာ တိရစ္ဆာန်မျိုးစိတ်များကို ခြိမ်းခြောက်လျက်ရှိကြောင်း၊ အဆိုပါ တိရစ္ဆာန်မျိုးစိတ်များသည် တည်နေရာနှင့် အစားအစာလိုအပ်မှုကိုလည်း ရာသီဥတုအပြောင်းအလဲများကြောင့် ဆုံးရှုံးနေရသေးကြောင်း ဒဗလျူဒဗလျူအက်ဖ်က ပြောကြားသည်။

မေတ္တာရပ်ခံ

ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိအောင် ထိန်းသိမ်းကာကွယ်ရာတွင် ဆေးသုတ်မှုများ၊ ကြေးချွတ်မှုများ၊ ကားနှင့် ကွန်ပျူတာများကဲ့သို့ ထုတ်လုပ်မှုများကြောင့် ဓာတုဆိုင်ရာ ဆိုးရွားသည့် သက်ရောက်မှုများကို လူသားများအနေဖြင့် ကာကွယ်ကြရန် ဥရောပသမဂ္ဂအနေဖြင့် ဥပဒေပြုပြဋ္ဌာန်းကာ အရေးတကြီးနှင့် ဖိဖိစီးစီးဆောင်ရွက်ရေးအတွက် ၎င်းတို့က မေတ္တာရပ်ခံလိုက်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားမိန်းကလေး ကြက်ငှက်တုပ်ကွေးဖြင့်သေဆုံး

ဂျကာတာ ဇွန် ၁၇

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သောလက သေဆုံးခဲ့သော မိန်းကလေးတစ်ဦးသည် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇွန် ၁၅ ရက်တွင် အတည်ပြုပြောကြားသည်။

သေဆုံး

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၃၈ ဦးရှိသွားပြီ ဖြစ်ကြောင်းသိရသည်။

တွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ ဆင်ခြေဖုံး ပါမူလန်းဒေသမှ အသက် ခုနစ်နှစ်အရွယ်ရှိ အဆိုပါမိန်းကလေး၏ သွေးနမူနာများကို ဟောင်ကောင်ရှိ ဒဗလျူအိတ်ချ်အိုဓာတ်ခွဲခန်းသို့ ပေးပို့ခဲ့ရာ စမ်းသပ်တွေ့ရှိချက်မှာ ကြက်ငှက်တုပ်ကွေးရောဂါပိုးရှိနေကြောင်း တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

ဘောလုံးပွဲ လောင်းကစားမှု မပြုလုပ်ရန် ဝန်ကြီးချုပ်ဟွန်ဆင် နိုင်ငံသားများအား သတိပေး

ဖနောင်ပင် ဇွန် ၁၇

မိမိပိုင်ပစ္စည်းများကို ရောင်းချ၍ ဘောလုံးလောင်းကစားမှုမပြုလုပ်ရန် ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်က ယင်း၏ နိုင်ငံသားများအား ဇွန် ၁၅ ရက်က သတိပေးလိုက်သည်။

ကျွဲ၊ နွား၊ ကား၊ စည်းစိမ် ဥစ္စာ၊ အိမ်၊ ခြံမြေများကိုရောင်းချ၍ ဘောလုံးပြိုင်ပွဲများ လောင်းကစားမပြုလုပ်ရန် သတိပေးလိုကြောင်း ဝန်ကြီးချုပ်ဟွန်ဆင်က ယင်း၏နိုင်ငံသားများအား ပြောကြားသည်။ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို ကမ္ဘောဒီးယား ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နိုင်ငံတကာ သဲပန်းပုရုပ်တုပြိုင်ပွဲ

နိုင်ငံတကာ သဲပန်းပုရုပ်တုပြိုင်ပွဲ ဆင်နွှဲနေသူတစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပလျက်ရှိသည့် နိုင်ငံတကာ သဲပန်းပုရုပ်တုပြိုင်ပွဲတွင် ဒတ်ချ်သဲပန်းပုပညာရှင် ကီလန်ဗင်ဒါဗီလ်ဒင်က ကြီးမားသော လက်ကြီးတစ်ခုနှင့် ဘောလုံးကြီးတစ်လုံးပုံစံ သဲရုပ်တုကြီးတစ်ခုကို အံ့ဩဖွယ်ရာ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ရှေးနှစ်ပေါင်းများစွာက ကျောက်ဖြစ်ရုပ်ကြွင်း

ကျောက်တုံး တစ်တုံးအတွင်း တွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို ပြသထားစဉ်။ (ဝဲပုံ)

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ၌ ရှာဖွေတွေ့ရှိရခြင်းဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာက အသက်ရှင်သန် ကျက်စားခဲ့သော ငှက်တစ်ကောင်၏ အရိုးစုတစ်ခုဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ ၎င်းကျောက်ဖြစ်ရုပ်ကြွင်း အရိုးစုကို ရှာဖွေတွေ့ရှိခြင်းသည် ရှေးနှစ်ပေါင်းများစွာက အသက်ရှင် ကျက်စားခဲ့သော ငှက်မျိုးစိတ်များအကြောင်းကို ခိုင်လုံစွာ လေ့လာနိုင်မည် ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်မြောက်ပိုင်းတွင် ယာဉ်ထပ်ဆင့်တိုက်မှုဖြစ်

မနီလာ ဇွန် ၁၇

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အန်တီပိုလိုမြို့ အဝေးပြေးလမ်းမပေါ်တွင် ဇွန် ၁၄ ရက်က ယာဉ်ထပ်ဆင့် တိုက်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိသွားခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

မနီလာမြို့အရှေ့ဘက် မာကိုစ် အဝေးပြေးလမ်းမပေါ်တွင် နံနက် ၁၁ နာရီခွဲက အမိုက်တင်ယာဉ်တစ်စီးသည် အရှိန်မထိန်းနိုင်သဖြင့် ခရီးသည်တင်ကားနှင့် တိုက်မိခဲ့သည်။ ယင်းယာဉ်တိုက်မှု ဖြစ်ပွားနေစဉ် အခြားကားတစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့သည် ယင်းကားကို တပ်ဆင့်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူ ဂိုမှန်ဒီဆူမီလာက ပြောကြားသည်။

သေဆုံးသူများထဲတွင် ခရီးသည်တင်ကားပေါ်တွင် စီးနင်းလိုက်ပါလာသူ ၁၀နှစ်အရွယ် ယောကျ်ားလေးတစ်ဦး၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် ခရီးသည်တင် ကားမောင်းနှင်သူတို့ပါဝင်ကြပြီး သုံးဦးထက်မနည်း သေဆုံးခဲ့သည်။

ဒဏ်ရာရရှိသူ ၁၁ဦးတွင် တစ်ဦးသည် ဒဏ်ရာပြင်းထန်ကြောင်း ဒီဆူမီလာက ထပ်လောင်း ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် အနုပညာရှင်များ၊ အတတ်ပညာရှင်များ၏ သားသမီးများ ပညာသင်ကြားရေးတွင် ထောက်ပံ့ကူညီပေးနိုင်ရေးအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ဇွန် ၂၄ရက် မွန်းလွဲ ၁နာရီတွင် ရုပ်ရှင်အစည်းအရုံးခန်းမ၌ အခမ်းအနားဖြင့် ပေးအပ်ရန် စီစဉ်ထားရှိပြီးဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးထုတ်ယူလိုသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များသည် သတ်မှတ်သော စည်းကမ်းများနှင့်အညီ အမှတ် ၁၆ ဝက်ပါလမ်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဇွန် ၂၂ရက် နောက်ဆုံးထား၍ လျှောက်လွှာများ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

- **ပြင်သစ်နဲ့ တောင်ကိုရီးယားပွဲမှာ တောင်ကိုရီးယားတို့က ပထမပွဲအနိုင်ရထားလို့ အားတက်နေတယ်၊ အင်နဲ့အားနဲ့ ကစားတတ်တဲ့ တောင်ကိုရီးယားကို ပြင်သစ်တို့ လက်ရှိကစားပုံနဲ့ မလွယ်ဘူးထင်တယ်၊ ပြင်သစ်ကစားပုံစိတ်ပျက်စရာကောင်းနေတော့ တောင်ကိုရီးယားတို့ တွန်းတွန်းတိုက်တိုက် ကစားတာက အလေးသာသွားနိုင်တယ်။ ဒါပေမယ့် ပြင်သစ်တို့ကလဲ ရှုံးလို့မရတဲ့ အနေအထားဆိုတော့ ခက်ခဲတဲ့ပွဲ ဖြစ်ပါတယ်။**

ရုပ်ရှင်သရုပ်ဆောင် ကြည်သာ (ပွဲကြိုက်ခင်)

- **ဂျပန်နဲ့ ခရိုအေးရှားပွဲမှာ ဂျပန်တို့နိုင်မှဖြစ်မှာဆိုတော့ အစွမ်းကုန်ကြိုးစားတော့မှာ၊ ဂျပန်ထက် ခရိုအေးရှားတို့က အတွေ့အကြုံနဲ့ အစဉ်အလာရှိမှုတွေမှာ သာပါတယ်၊ ကစားတာတော့ မကွာဘူး၊ ကြိုးစားမှု၊ ကံတရား ဖေးမမှုတွေကလဲ ရှိနေတော့ သေချာပေါက် တွက်လို့မရဘူး၊ ဂျပန်ကို နိုင်စေချင်ပါတယ်။**
- **ဘရာဇီးနဲ့ ဩစတြေးလျပွဲကတော့ ဘရာဇီးခြေက ထင်သလောက်မကောင်းဘူး ဖြစ်နေတယ်၊ နောက်ပွဲတွေအတွက် ခြေဖွက်ထားရင်တော့ မသိဘူး၊ ခြေမှန်အတိုင်းကစားရင် ဘရာဇီးကို ဩစတြေးလျ မယှဉ်နိုင်ပါဘူး၊ ဒါပေမယ့် ဩစတြေးလျက အုပ်စုပွဲကစားတာကောင်းတယ်၊ ခြေစွာတယ်၊ ဘရာဇီး အလေးသာပေမယ့် ဂိုးမပြတ်နိုင်ဘူး။**
- **ပြင်သစ်နဲ့ တောင်ကိုရီးယားပွဲမှာ တောင်ကိုရီးယားကိုကြိုက်တယ်၊ အဖွင့်ပွဲ မျက်နှာပန်းလှထားတော့ ပြင်သစ်ကို တောင်ကိုရီးယားတို့ယှဉ်နိုင်တယ်၊ အရန်ကစားသမားတွေကလဲကောင်းတယ်ဆိုတော့ ပြင်သစ်ကစားပုံနဲ့ ယှဉ်ကြည့်ရင် ပြင်သစ်တို့ သမ္မာရှိပေမယ့် အားမရဘူး။**

(မြန်မာ့အလင်း)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဌာနဆိုင်ရာ ဘာသာရပ်သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဌာနဆိုင်ရာ ဘာသာရပ် သင်တန်းအမှတ်စဉ် (၁၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၆ ရက် နံနက်တွင် ပြင်ဦးလွင်မြို့နယ် ဇဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ကျောင်းအုပ်ကြီး ဦးအောင်ဆန်းဝင်း၊ ဇဟိုမီးသတ်သင်တန်းကျောင်းအုပ်ကြီး ဦးသောင်ဇင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူး ၉၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၆-၂၀၀၆ရက် (တနင်္ဂနွေနေ့)
(၁၃၆၈ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်)
(ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈:၂၀	၈။	အဆိုပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "Doraemon"
၁၁:၅၅	၅။	မရမ်းကုန်းရေထိန်းတံခါး
၁၂:၀၀	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ကြတ္တိရုပ် ခန့်"** ဝေဠုကျော်၊စိုးမြတ်နန္ဒာ [ဒါရိုက်တာ-အေးကျော်]
၁၄:၀၀	၇။	တေးဂီတအစီအစဉ်
၁၄:၁၀	၈။	အကပြိုင်ပွဲ
၁၄:၁၅	၉။	**"မျှော်သူ မမောစေချင်"** စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
၁၄:၃၀	၁၀။	လမူးတံတား
၁၄:၄၅	၁၁။	International News
၁၅:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၁၆:၄၅	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။	လက်ဆင့်ကမ်းအမွေ
၁၇:၀၅	၆။	တေးဂီတအစီအစဉ်
၁၇:၁၅	၇။	ဆိုကြမယ်ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	Discovery
၁၈:၄၅	၁၁။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၈:၅၅	၁၂။	ကျေးလက်တစ်ခွင် တိုးတက်စည်ပင်
၁၉:၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖြူစင်မေတ္တာ"** (အပိုင်း-၆)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၅၄) (ဇာတ်သိမ်းပိုင်း)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

အင်တာနက် သတင်းနှင့်ဓာတ်ပုံများ

ရွှေ့ပြောင်းငှက်များမှ ကြက်ငှက်တုပ်ကွေးပျံ့နှံ့

ယခုနှစ်တွင် ရွှေ့ပြောင်းလာသော ငှက်များမှ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တိုးလာခြင်းကို တရုတ် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ဦးက ပြောကြားသည်။

ကူးစက်

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ အောင်မြင်တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းဗိုင်းရပ်စ်မှာတောရိုင်းကြက်ငှက်များမှ တစ်ဆင့်ကူးစက်ခြင်းကြောင့်သေဆုံးရခြင်း များပြားလာကြောင်း အဆိုပါ တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးအရာရှိ ဂျာယူလင်းက ပြောကြားသည်။

တွေ့ရှိခဲ့

ကြက်ငှက်တုပ်ကွေးရောဂါသည် ယမန်နှစ်က ရွှေ့ပြောင်းလာသော ငှက်များမှ တွေ့ရှိခဲ့ကြောင်း၊ ယင်းမှာ ကျင်ဟိုင်းပြည်နယ် အနောက်တောင်ပိုင်း ကျင်ဟိုင်းကန်ကြီးအနီး၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ယခုနှစ်တွင် အဆိုပါသတင်းမှာ ရှောင်နင်းပြည်နယ် အရှေ့မြောက်ပိုင်းရှိ ကျင်ကျို့နှင့် ပန်ကျင်းမြို့များသို့လည်းကောင်း၊ တိဗက်ဒေသရှိ ယူရှုရိုလောင်း၊ ဟိုင်ဘိုင်စီရင်စုများသို့လည်းကောင်းပျံ့နှံ့သွားခဲ့သည်။

သေကျေနိုင်

ကျင်ဟိုင်းနှင့် တိဗက်ဒေသတွင် ဇွန် ၁ ရက်မှစပြီး ရွှေ့ပြောင်းလာသော ငှက် ၁၁၆၈ ကောင် သေဆုံးလျက် တွေ့ရကြောင်း၊ ယင်းရောဂါသည် ယမန်နှစ်ကထက် တောရိုင်းငှက်မျိုးစိတ်များ ပို၍သေကျေနိုင်ကြောင်း တရုတ်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းဒေသအားလုံးသည် အရှေ့အာဖရိကနှင့် အနောက်အာရှဒေသမှ ပြောင်းရွှေ့လာရာလမ်းကြောင်း ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

(ကိုးကား-အင်တာနက်)

တောင်တရုတ်ပင်လယ်၌ သဘာဝဓာတ်ငွေ့သိုက်တွေ့ရှိ

တောင်တရုတ် ပင်လယ်တွင် ထူးထူးခြားခြား သဘာဝဓာတ်ငွေ့သိုက်ကြီးကို တွေ့ရှိပြီဖြစ်ကြောင်း၊ တရုတ် စွမ်းအင်ကုမ္ပဏီတစ်ခုက ဇွန် ၁၆ ရက်တွင် ပြောကြားသည်။

ယင်းသဘာဝဓာတ်ငွေ့သိုက်သည် ပုလဲမြစ်ဝှမ်းဒေသ လုပ်ကွက်အမှတ် ၂၉/၂၆ ရှိ ရေအနက်မီတာ ၁၅၀၀ တွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပမာဏမှာ သဘာဝဓာတ်ငွေ့ ကုဗပေပေါင်း လေးထရီလီယံမှ ခြောက်ထရီလီယံအထိရှိနိုင်ကြောင်း ၎င်းစွမ်းအင်ကုမ္ပဏီမှ ပြောကြားသည်။

အကြီးမားဆုံး

အဆိုပါ သဘာဝဓာတ်ငွေ့သိုက်ကြီးသည်တရုတ်ကမ်းလွန်တွင် အကြီးမားဆုံးသော သဘာဝဓာတ်ငွေ့ တွေ့ရှိမှုပင်ဖြစ်ကြောင်း ဟူစကီး စွမ်းအင်ကုမ္ပဏီက ပြောကြားသည်။

တည်ရှိ

ယင်းသဘာဝဓာတ်ငွေ့လုပ်ကွက်သည် ဟောင်ကောင် တောင်ဘက်ကီလိုမီတာ ၂၅၀ အကွာတွင် တည်ရှိသည်။

ပူးပေါင်း

ကနေဒါအခြေစိုက် ဟူးစကီးရေနံကုမ္ပဏီသည် ၂၀၀၂ ခုနှစ်မှ စပြီး တရုတ်ရေနံကုမ္ပဏီ စီအင်န်အိုအိုစီနှင့် ပူးပေါင်းလျက် တရုတ်နိုင်ငံ၌ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

စိတ်ကူးသစ်ဆန်း ရှင်သန်ပေးသည့် အနုပညာပန်းချီပြပွဲ

ရန်ကုန် ဇွန် ၁၇

ပန်းချီကားတစ်ချပ်တိုင်း လေးနက်သော အဓိပ္ပာယ်ရှိလေသည်။ ပန်းချီဆရာ၏ စိတ်ကူးနှင့်အတွေးအားကောင်းသည်နှင့်အမျှ ထွက်ပေါ်လာသော ပန်းချီကားတစ်ချပ်သည် တန်ဖိုးဖြတ်မရနိုင်အောင်ရှိလေသည်။ အရည်အသွေးနှင့်အဆင့်အတန်းလည်း မြင့်လေသည်။

ထိုသို့သော ပန်းချီကားများကို ခင်းကျင်းပြသထားရာ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို) အနုပညာပြခန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

"စိတ်ကူးသစ်ဆန်း ရှင်သန်ပေးသည့် အနုပညာပန်းချီပြပွဲ"ဟုအမည်ပေးထားသော ပြခန်းအတွင်း ဝင်လိုက်သည်နှင့် ထူးခြားဆန်းသစ်သော



နိဗ္ဗာန်တံခါး အမည်ရှိ ပန်းချီကားမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသေးသော ပန်းချီကားများနှင့် ရေးဟန်များကို တွေ့ရသည်။

ပန်းချီဆရာ ဒေါက်တာထိန်ဝင်း တစ်ဦးတည်းရေးဆွဲထားသော ပန်းချီကားပေါင်း ၁၀၈ ကားကို ပြသထားရာ ပန်းချီကားတစ်ချပ်တိုင်းလေးနက်သောအဓိပ္ပာယ်ဆောင်လျက်ရှိသည်။ ပထမဦးစွာ**"အမေ့ပီတိ"**ဟုအမည်ပေးထားသောပန်းချီကားကို လေ့လာမိသည်။ အခရိုင်းလစ်ဆေးနှင့်စက္ကူပေါ်တွင်ရေးဆွဲထားခြင်းဖြစ်ပြီး ခေတ်သစ်ပန်းချီဟန်နှင့် ပေါင်းစပ်ဖော်ကျူးထားခြင်းဖြစ်ရာ အမြင်ဆန်းနေသည်။

မိဘနှင့် သားသမီး ချစ်ခြင်းမေတ္တာကို ခံစားသိရှိစေနိုင်အောင် ပီပြင်လှသည့် အသည်းနှလုံးမက ချစ်မဝပန်းချီကား။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

အသက်ငယ်စဉ်ကတည်းက ရွာမှထွက်ခွာခဲ့သူ အမျိုးသမီးကြီးတစ်ဦး အသက်အရွယ်ကြီးလာသောအခါ ရွာပြန်လာချိန်တွင် ဖွံ့ဖြိုးတိုးတက်နေသော မြင်ကွင်းကို ပေါ့ပါးသွက်လက်သော ရေးဟန်ဖြင့်ရိုးစင်းစွာ တင်ပြထားခြင်းဖြစ်သည်။ ဘုရားစေတီ၊ ဆိုင်တန်း၊ လမ်းများဖြင့် တင့်တယ်လှပနေသော ရွာလေးကိုကြည့်ကာ ကြည်နူးပီတိဖြစ်နေသည့် မြင်ကွင်းကို ဟာကွက်မရှိအောင် ခြယ်မှုန်းထားခြင်းဖြစ်ရာ ထိထိမိမိရှိလေသည်။

ဤလူ့ဘောင်ဝယ် ပန်းချီကားမှာလည်း လက်ရာမြောက်လှသည်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

စိတ်ကူးကောင်းကောင်း

"ဤလူ့ဘောင်ဝယ်" အမည်ရှိ ပန်းချီကားမှာလည်း ထောင်လိုက်အမြင်ကိုယူကာ အခရိုင်းလစ်ဖြင့် ကင်းဗတ်ပေါ်တွင် ရေးဆွဲထားခြင်းဖြစ်သည်။ လူ့ဘဝတွင် နေထိုင်ကြသော လူတို့၏ အနေအထား၊ အရွယ်စုံ၊ ဘဝစုံ၊ အလွှာစုံကို ထန်းတက်သမား၊ ရဟန်း၊ ကချေသည်၊ ကလေးနှင့် တရားကျင့်နေသူပါမကျန် ကျစ်လျစ်စွာတင်ပြထားခြင်းဖြစ်သည်။ နောက်ခံကို အဖြူရောင်အပြည့်ခံထားပြီး ရေးဆွဲထားသဖြင့် ရုပ်ပုံထင်ရှားနေသည်။ လူ့ဘဝတွင် ကျင်လည်ရာအဖုံဖုံကို စိတ်ကူးကောင်းကောင်းဖြင့်ရေးဆွဲထားခြင်းဖြစ်ရာ လက်ရာမြောက်လှသည်။



မြတ်ဗုဒ္ဓနှင့် မြန်မာ့မြင်ကွင်း ကမ္ဘာ့မြင်ကွင်းအဖုံဖုံကို ထည့်သွင်းရေးဆွဲထားသော စက္ခုအတွင်းက မြတ်ဗုဒ္ဓပန်းချီကား။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စိတ်ဝင်စားဖွယ်

တစ်ဖန် **"နိဗ္ဗာန်တံခါး"**အမည်ရှိ ပန်းချီကားမှာလည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ အခရိုင်းလစ်နှင့်စက္ကူပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပြီး လူ့ဘဝတွင် တရားဘာဝနာကျင့်ကြံအားထုတ်သူများသာ နိဗ္ဗာန်တံခါးကို ဖွင့်နိုင်ကြမည်ဟု အရုပ်များ၊ အရောင်များဖြင့် မီးမောင်းထိုးပြထားရာ ပန်းချီဆရာ၏ အတွေးအခေါ်ကောင်းမှုကို လေးစားရတော့သည်။ ဘုရားပုံတော်ကို ကောက်ကြောင်းများဖြင့် ပုံဖော်ပြီး ပုတီး၊ တံခါးနှင့် လက်များကို လိုရင်းလောက်သာ ရေးဆွဲတင်ပြထားရာ ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်း သိမြင်ခံစားရသည်။

ကျန်းမာရေးစောင့်ရှောက်မှု ပန်းချီကားမှာလည်း ကျန်းမာရေးသတိကို နှိုးဆော်လိုက်သကဲ့သို့ ဖော်ပြထားသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ချစ်ခြင်းမေတ္တာ

နောက်ပန်းချီကားတစ်ချပ်မှာ **"အသည်းနှလုံးမကချစ်မဝ"**အမည်ရှိ ပန်းချီကားဖြစ်သည်။ အခရိုင်းလစ်ဖြင့် စက္ကူပေါ်တွင် ရေးဆွဲထားခြင်းဖြစ်ပြီး လူတစ်ဦး၏အသဲအတွင်းနှလုံး၊ နှလုံးအတွင်းမိခင်နှင့် ကလေးငယ်တစ်ဦး၏ ရုပ်ပုံကို တစ်ခုတည်းဖြစ်အောင်စုစည်းပေါင်းစပ်ပြီး ရေးဆွဲထားသည်။ အရောင်ရင့်များကို သုံးထားသဖြင့် မိခင်တို့၏ သားသမီးများအပေါ် ချစ်မြတ်နိုးမှုကိုဖော်ပြရာတွင် ကြည့်သူကို မိဘနှင့်သားသမီးချစ်ခြင်းမေတ္တာကို ချက်ချင်း ခံစားသိရှိစေနိုင်အောင် ပီပြင်လှသည်။

တစ်ဖန် **"ကျန်းမာရေးစောင့်ရှောက်မှု"** ဟု အမည်ပေးထားသော ပန်းချီကားမှာလည်း လူတစ်ဦးကျန်းမာရေးအတွက် အဓိကအရေးကြီးသည့် ဦးနှောက်၊ နှလုံးနှင့်အသည်းများ၌ ရောဂါမဝင်နိုင်ရန် ကာကွယ်သင့်ပုံကို အမိုးလေးများနှင့်တွဲပြီး ပြသထားရာ ကြည့်လိုက်သည်နှင့် ကျန်းမာရေးသတိကို နှိုးဆော်လိုက်သကဲ့သို့ ရှိပေသည်။

ထို့အပြင် **"စက္ခုအတွင်းက မြတ်ဗုဒ္ဓ"**အမည်ရှိ ပန်းချီကားမှာလည်း စက္ခုအတွင်းအာရုံခံစားမြင်တွေ့ရသည့်အတိုင်း မြတ်ဗုဒ္ဓနှင့် မြန်မာ့မြင်ကွင်း၊ ကမ္ဘာ့မြင်ကွင်းအဖုံဖုံကို ထည့်သွင်း ရေးဆွဲထားခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓတရားကို အဓိကထား နေထိုင်ရန် စိတ်အာရုံအမျိုးမျိုး၏ပုံရိပ်များဖြင့် တွဲပြထားရာ စိတ်ကူးနှင့် ရေးဆွဲမှုအတတ်ကို တစ်ပြိုင်နက်တည်းဖော်ပြလျက်ရှိသည်။

ပန်းချီဆရာ ဒေါက်တာထိန်ဝင်း၏ အခရိုင်းလစ်ဆေးနှင့် စက္ကူပေါ်တွင်ရေးဆွဲထားသော အမေ့ပီတိ ပန်းချီကားမှာ မြင်ကွင်းကို ဟာကွက်မရှိအောင် ခြယ်မှုန်းထားသည်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



အသစ်အဆန်း

ထို့ကြောင့် စိတ်ကူး အသစ်အဆန်း၊ ရေးဆွဲပုံ အသစ်အဆန်းများဖြင့် ဘဝအတွေ့အကြုံ၊ မေတ္တာတရား၊ ဘာသာရေးစသည့် အကြောင်းအရာမျိုးစုံကို ရေးဆွဲပြထားသည့် **"စိတ်ကူးသစ်ဆန်း ရှင်သန်ပေးသည့် အနုပညာပန်းချီပြပွဲ"** ကို ဇွန် ၁၅ ရက်မှ ၂၂ ရက်အထိ ခင်းကျင်းပြသထားရာ ပန်းချီဝါသနာရှင်တိုင်း သွားရောက်ကြည့်ရှုလေ့လာသင့်ပါကြောင်းသတင်းစကားရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ခံစားရေးသားသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

အာဆီယံ–ဂျပန် ကလေးသူငယ်များ၏သနားကြင်နာခြင်း ပန်းချီပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေး

နေပြည်တော် ဇွန် ၁၇

အာဆီယံ–ဂျပန် ကလေးသူငယ်များ၏(Kindness) သနားကြင်နာခြင်းအကြောင်းအရာ ပန်းချီပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ယဉ်ကျေးမှုဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သိရှိနားလည်

အာဆီယံ–ဂျပန်ကလေးသူငယ်များ၏ သနားကြင်နာခြင်း အကြောင်းအရာပန်းချီပြိုင်ပွဲကျင်းပရခြင်းမှာ မိမိတို့ပတ်ဝန်းကျင်ရှိ သနားကြင်နာခြင်းဆိုင်ရာ လူမှုစောင့်ရှောက်နေမှုများကို အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့မှ ကလေးသူငယ်များ အာရုံစိုက်လာစေရန် လူမှုစောင့်ရှောက်ရေးအဖွဲ့အစည်းများ၏ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နေပုံများကို အာဆီယံနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့ သိရှိနားလည်စေရန်အတွက် အသက် ၁၂နှစ်နှင့် ၁၂နှစ်အောက် ကလေးသူငယ်များ၏ သနားကြင်နာခြင်း အကြောင်းအရာ ပန်းချီပြပွဲ ကျင်းပခြင်း ဖြစ်သည်။

ပြိုင်ပွဲများကို နိုင်ငံအလိုက် ပန်းချီပြိုင်ပွဲများ ကျင်းပပေးရန် အဖွဲ့ဝင် အာဆီယံနိုင်ငံများမှ တစ်နိုင်ငံလျှင် ပန်းချီကားချပ် ၂၀စီ အကောင်းဆုံးအဖြစ် ရွေးချယ်သတ်မှတ်ဆုချီးမြှင့်ပြီး ဆုရပန်းချီကားများကို ပြပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ ပေးပို့မည်ဖြစ်သည်။

ပေးပို့ရမည်

ပြိုင်ပွဲဝင်ပန်းချီကားများကို ဇူလိုင် ၇ ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန (အမျိုးသားပြတိုက်အဆောက်အအုံ) အမှတ် (၆၆/၇၄) ပြည်လမ်း ဒဂုံမြို့နယ် ရန်ကုန်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်လိုသူများသည် မိမိတို့သက်ဆိုင်ရာကျောင်းများသို့ ဆက်သွယ်၍ ပန်းချီပြိုင်ပွဲဆိုင်ရာစည်းကမ်းချက်များကို လေ့လာနိုင်ကြောင်းနှင့်ရွေးချယ်ခံရသည့် ပန်းချီကားများအတွက် ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃) ရက်
မြန်မာအမျိုးသမီးများနေ့

မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင်
စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့

မျိုးဆက်သစ် နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး စေတနာအပြည့်အဝထား လေ့ကျင့်ပြုစုပျိုးထောင်

❒ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မူဆယ် လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိန်းလုံးကျေးရွာ၌ ကျင်းပသော အထူးအထွက်တိုး ဆင်းရွှေလီ မိုးစပါးစံပြဧက ၁၀၀ စိုက်ခင်းကောက်စိုက်ပွဲနှင့် ထွန်တုံးဖွင့်ပွဲအခမ်းအနား သို့ တက်ရောက်အားပေးကြသည်။

ထို့နောက် မူဆယ်ခရိုင် နွေစပါးအထွက်နှုန်း အကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်ဧကအထွက် နှုန်း ၂၅၅ဒသမ၆၅တင်းဖြင့် ပထမဆုရရှိသော နမ့်ခမ်းမြို့နယ် နောင်စန့် ကျေးရွာမှ တောင်သူ ဦးစိုင်းအိုက်အေးနှင့် တစ်ဧကအထွက်နှုန်း ၂၂၆ဒသမ၆၅ တင်းဖြင့် ဒုတိယဆုရရှိသော မူဆယ်မြို့နယ် နောင်လောင်းကျေးရွာမှ တောင်သူ ဦးရွက်ကျောင်းထွန်းတို့အား ဆုငွေနှင့် ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆုများပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က တစ်ဧက အထွက်နှုန်း ၂၁၀ဒသမ၂၅တင်းဖြင့် တတိယရရှိသော မူဆယ်မြို့နယ် ဖိုင်ကျောင်းကျေးရွာမှ တောင်သူ ဦးဆွဲခမ်းလှိုင်အား လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးလှကြီးက တစ်ဧကအထွက်နှုန်း ၂၀၅ဒသမ ၅၂တင်းဖြင့် နှစ်သိမ့်ဆုရရှိသော မူဆယ်မြို့နယ် ကြူကုတ်မှ တောင်သူ ဦးရွှတ်ငင်းအားလည်းကောင်း ဆုငွေနှင့်ဆုပစ္စည်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း အောင်မြင်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် များစွာ ဝမ်းသာပီတိဖြစ်ရပါကြောင်း။

စနစ်တကျစိုက်ပျိုး

ယင်းသို့ တိုးတက်အောင်မြင်မှုရရှိခြင်းမှာ ဒေသအာဏာပိုင် အဖွဲ့ အစည်း အဆင့်ဆင့်၏ ကြီးကြပ်မှု၊ ဌာနဆိုင်ရာများနှင့် ဒေသဆိုင်ရာ တိုင်းရင်းသားတောင်သူများ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှု၊ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး သတ်မှတ်ထားသော နည်းစနစ်များနှင့်အညီ စနစ်တကျစိုက်ပျိုးထုတ်လုပ်မှုတို့ကြောင့်ပင် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေး ဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း။

သီးထပ်သီးညှပ်

စိုက်ပျိုးရာတွင် စပါးအပြင် သီးထပ်သီးညှပ်များကိုပါ ရာသီအလိုက် ကြားညှပ် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိစေကာ ဒေသခံတောင်သူ လယ်သမားများ၏ လူမှုစီးပွားရေးဘဝ ပြည့်စုံဖူလုံလာစေမည်ဖြစ်ကြောင်း။

ထို့ပြင် ခြံစည်းရိုးကြက်ဆူပင်များကို နိုင်ငံတော်က လျာထားသတ်မှတ် ချက်ထက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ ဌာနဆိုင်ရာများက ဒေသခံတောင်သူများအား စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒေသအတွင်းစိုက်ပျိုးရေးကဏ္ဍပိုမို တိုးတက်မြင့်မားလာ စေရန် နိုင်ငံတော်ကချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးရေး ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေး၊ တိုးတက်ပြောင်းလဲနေ သည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လေ့လာမှတ်သားလိုက်နာကြပြီး ဆက်လက်ကြိုးပမ်းရေးတို့ကို လက်တွဲညီညီ အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ သည် မူဆယ်–လားရှိုးလမ်း မိုင်တိုင်အမှတ် ၂၄၀/၃ရှိ နမ့်စိုင်သံကူကွန်ကရစ် တံတားတည်ဆောက်ရေးလုပ် ငန်းသို့ ရောက်ရှိကြရာ တံတားကို တာဝန်ယူ တည်ဆောက်နေသော Asia World Co. မှ အင်ဂျင်နီယာ ဦးချစ်ထွန်းက တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ပြန်လည်အသုံးပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မူလဘေလီသံပေါင် တံတားကို လိုအပ်သော အခြားတံတားများတွင် ပြန်လည် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးနှင့်အဖွဲ့ဝင် များသည် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်ရှိ အခြေခံပညာ အထက်တန်း ကျောင်းဆောင်သစ်နှင့် သိပ္ပံစာသင်ဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ တိုးချဲ့ကျောင်းဆောင်သစ်နှင့် သိပ္ပံဆောင်ဖွင့်ပွဲအခမ်းအနားကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကချင်တိုင်းရင်းသား အဖွဲ့ခေါင်းဆောင် ဦးမထုနော်နှင့် ကွတ်ခိုင်မြို့နယ် ပညာရေးမှူး ဒေါ်လှလှတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သိပ္ပံဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များ သည် သိပ္ပံဆောင်အတွင်း၌ ကျောင်း သား ကျောင်းသူများ ခေတ်မီသင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြင့် ပညာသင်ကြားနေမှု၊ လက်မှုပညာနှင့် ပန်းချီပညာများ လက်တွေ့ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ၏ 'မြန်မာ့ကျောင်း' သီချင်းဖြင့် တီးခတ်သီဆိုမှုကို ကြည့်ရှုအားပေးသည်။

ဖွံ့ဖြိုးတိုးတက်မှုတင်ပြ

ထို့နောက် တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သိပ္ပံဆောင်များဖွင့်ပွဲ အခမ်းအနားကို ကျောင်းရှိ ငြိမ်းချမ်းရေးခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)ကချင် တိုင်းရင်းသား အဖွဲ့ခေါင်းဆောင် ဦးမထုနော်က ကောင်းခါးဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြပြီး ကောင်းခါးမြို့ အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးငွေအောင်က ပညာရေးဆိုင်ရာ အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် တိုးချဲ့ကျောင်းဆောင်သစ်နှင့် သိပ္ပံဆောင်ဆောက်လုပ်ရေး ကော်မတီ နာယကအဖွဲ့ဝင် ကချင်တိုင်းရင်းသားအဖွဲ့မှ ဦးဇော်ယော်က အဆောက်အအုံများဆောက် လုပ်မှုဆိုင်ရာ စာရွက်စာတမ်းများကို မြို့နယ်ပညာ ရေးမှူး ဒေါ်လှလှတင့်ထံ လွှဲပြောင်းပေးအပ်သည်။

ကဏ္ဍအသီးသီးတိုးတက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြား ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကောင်းခါး ဒေသတွင် တည်ငြိမ်အေးချမ်းသာယာမှုနှင့်အတူ ငြိမ်းချမ်းရေး၏ အသီးအပွင့် ဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍအသီးသီးတွင် အချိန်တိုအတွင်း များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရ၍ များစွာ ဝမ်းသာပီတိဖြစ်ရပါကြောင်း။

လက်ဆင့်ကမ်းတာဝန်ယူ

ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူဆည်းပူးလျက်ရှိသည့် ဒေသခံတိုင်းရင်းသားလူငယ် လူရွယ်များအား နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ပညာရည်မြင့်မားသော နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်း ရတနာများဖြစ်စေရေး သက်ဆိုင်ရာ ပညာရေးဝန်ထမ်း ဆရာ ဆရာမများက စေတနာအပြည့်အဝ ထားကာ လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်နှင့် ယနေ့ကျောင်းသားလူငယ်များ အနေဖြင့် ရရှိပြီးသော ငြိမ်းချမ်းရေးကို ဆက်လက်တည်တံ့ခိုင်မြဲအောင် ပြည် ထောင်စုစိတ်ဓာတ်ဖြင့် လက်ဆင့်ကမ်း တာဝန်ယူထမ်းဆောင်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

လက်တွေ့လေ့ကျင့်

မိမိကျောင်းတွင် ကွန်ပျူတာအပါအဝင် သင်ထောက်ကူပစ္စည်းများလည်း အထိုက်အလျောက်ပြည့်စုံပြီးဖြစ်ရာ ကျောင်းသားကျောင်းသူများ ကွန်ပျူတာ ပညာ e-Learning Centre စသည်တို့ ကျွမ်းကျင်တတ်မြောက်စေရန် လက်တွေ့သင်ယူ ဆည်းပူးလေ့ကျင့်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းအတွက် ပညာရေး ထောက်ပံ့ပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးငွေအောင်ထံ ပေးအပ်သည်။

ဝတ်စုံများပေးအပ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ကျောင်းရန်ပုံငွေများ နှင့် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးအားလည်းကောင်း၊ တိုက်နယ်ဆေးရုံ ကျန်းမာရေးဝန်ထမ်းများအတွက်ဝတ်စုံများကို ဆေးရုံအုပ်ဒေါက်တာကျော်ကျော် အားလည်းကောင်း အသီးသီးပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကောင်းခါးမြို့ ငြိမ်းချမ်းရေးလမ်းရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅) ကချင်တိုင်းရင်းသားအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်တိုင်းမှူးတို့က ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)ကချင်တိုင်းရင်းသားအဖွဲ့အတွက် ဆန်နှင့်ဆေးဝါး ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက်ညှိနှိုင်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင် များအား ဦးမထုနော်က အဖွဲ့ဝင်များနှင့်မိတ်ဆက်ပေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးတို့အား ဂါရဝပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည် နယ်(မြောက်ပိုင်း)အထူးဒေသ(၅) ကုန်းမြင့်လယ်ယာနှင့် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးခြံသို့သွားရောက်ရာ အဖွဲ့ခေါင်းဆောင်ဦးမထုနော်က ကုန်းမြင့် လယ်ယာဧက ၇၀၀ ဖော်ထုတ်ရေးနှင့် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်နေမှုကို ပဏာမရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒေသတာဝန်ခံ ဦးဘိုရွှေက ကောင်းခါးဒေသ၌ သီးနှံများစိုက်ပျိုးဆောင်ရွက်မှုများ ကို ရှင်းလင်းတင်ပြသည်။

လက်ဖက်စိုက်ခင်းကြည့်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားကာ လက်ဖက်စိုက်ခင်းကိုကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်– လားရှိုးလမ်းအတိုင်း လားရှိုးမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ ကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ နှစ်ရှည် လိုက်ချီး၊ ပျားလိမ္မော်နှင့် နာနတ်စိုက်ခင်း၊ ခြံစည်းရိုးကြက်ဆူပင်မျိုးသန့်ဧက ၁၀၀ မျိုးပွားသုတေသန စိုက်ခင်း၊ သုတေသနပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်အပင်၅၀၀၀ ကြီးထွား ရှင်သန်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူ တို့အားမှာကြားကာ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ဇွန် ၁၆ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ပေါ်တူဂီက အီရန်ကို နှစ်ဂိုးပြတ် အနိုင်ရ မက္ကဆီကိုနှင့် အုပ်စုပထမ နေရာလုရမည်

ရန်ကုန် ဇွန် ၁၇

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဃ)ဒုတိယပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇နာရီခွဲက ဖရန့်ဖတ်မြို့ရှိ Commerz bank Arena အားကစားကွင်း၌ ပေါ်တူဂီအသင်းနှင့် အီရန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမဂိုး

ပေါ်တူဂီအသင်းသည် အနိုင်ရရှိရေးအတွက် လူစုံထုတ်ကစားသော်လည်း ပထမပိုင်း၌ ဂိုးမသွင်းနိုင်၍ ဂိုးမရှိသရေပွဲ ဖြစ်နေသည်။ ပေါ်တူဂီအသင်းသည် ဒုတိယပိုင်း၌ ဂိုးရရှိရေး တင်ကစားလာရာ အီရန်အသင်း တောင့်မခံနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ပေါ်တူဂီအသင်းအတွက် ပထမဂိုးကို ၆၃မိနစ်တွင် အသင်းခေါင်းဆောင် လူးဝစ်ဖီဂို အနေတော်တည်ပေးသည့် ဘောလုံးကို ဒေကိုကပယ်နယ်တီဧရိယာအပြင်ဘက်မှ တိုက်ရိုက်ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပယ်နယ်တီ

ပေါ်တူဂီအသင်းမှ ဖီဂို၊ ဒေကိုနှင့် စီရိနယ်ဒိုတို့ ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ပွဲချိန်မိနစ်၈၀တွင် ဖီဂိုထိုးဖောက်လာမှုကို အီရန်နောက်ခံလူက ပယ်နယ်တီဧရိယာအတွင်း ကြမ်းတမ်းစွာ ဖျက်ကစားသဖြင့် ပေါ်တူဂီအသင်း ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့သည်။ အဆိုပါ ပယ်နယ်တီပြစ်ဒဏ်ဘောကို စီရိနယ်ဒိုက ကန်သွင်းယူရာ ပေါ်တူဂီအသင်း ဒုတိယဂိုးရရှိခဲ့သည်။ ပေါ်တူဂီအသင်းသည် ဒုတိယဂိုးရရှိပြီးနောက် ဒေကိုနှင့်ဖီဂိုတို့အား လူစားလဲ၍ အနားပေးခဲ့သည်။

ဒုတိယအဆင့်

ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ အင်ဂိုလာအသင်းကို တစ်ဂိုး–တစ်ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ယခုပွဲ အနိုင်ရရှိသဖြင့် နှစ်ပွဲနိုင် ခြောက်မှတ် ရရှိပြီး ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်သည်။ ပေါ်တူဂီအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၁ရက်တွင် မက္ကဆီကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ သရေကျလျှင်ပင် အုပ်စုပထမရရှိမည်ဖြစ်သည်။ **(သတင်းမှတ်စု–ကိုထွေး)**

ပေါ်တူဂီအသင်းနှင့် အီရန်အသင်းတို့၏ ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် ဒုတိယဂိုးကို ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် စီရိနယ်ဒိုက ဤသို့ သွင်းယူပေးခဲ့သည်။

(ဓာတ်ပုံ–အင်တာနက်)

✡ ကျော့ဖုံးမှ

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် မောင်တောမြို့ရှိ သစ်တောဦးစီးဌာနပျိုးဥယျာဉ်သို့ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ခြစည်းရိုးကြက်ဆူပင် ဧက ၂၀အနက် ၁၀ဧက စိုက်ပျိုးပြီးစီးမှုနှင့် ကျန်၁၀ဧကစိုက်ပျိုးမည့် ကုန်းကြောမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မေယုကြိုးဝိုင်း အထူးကျွန်းစိုက်ခင်းအတွင်း တွယ်ကပ်စိုက်ပျိုးထားသည့် အမယ်သစ်(အမည်သစ်)သီးနှံ ငရုတ်ကောင်းဧက၁၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘူးသီးတောင်မြို့နယ်ဂန္ဓမာ စံပြကျေးရွာ၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင် ၂၄၀၀ စိုက်ပျိုးပွဲသို့ တက်ရောက်၍ ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်သည့် ခြစည်းရိုးကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးကြရေး၊ တိုင်းပြည်အတွက် အကျိုးရှိပြီး အရေးပါသည့် လုပ်ငန်းတစ်ရပ်အဖြစ် ခံယူစိုက်ပျိုးကြရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အမှတ်တရစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ခြစည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ကြက်ဆူပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဘူးသီးတောင်မြို့ နယ်မြေခံတပ်နယ်သို့ရောက်ရှိကြပြီး တပ်နယ်ရှိ သောင်းလုံးအောင်ခန်းမ၌ အရာရှိ၊ စစ်သည်နှင့်မိသားစုများအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့ကို ဒေသခံပြည်သူတို့နှင့်ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရေးနှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အရာရှိ၊ စစ်သည်နှင့်မိသားစုဝင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဗန္ဓုလခန်းမ၌ အင်ကြင်းမြိုင်စံပြကျေးရွာရှိ ကျေးရွာသူကျေးရွာသားများအား တွေ့ဆုံရာ ရှေးဦးစွာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ဦးသန်းအောင်က စံပြကျေးရွာ၏လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

အားပေးစကားပြောကြား

ယင်းနောက် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်က နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စံပြကျေးရွာဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ကျေးရွာ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က အင်ကြင်းမြိုင်စံပြကျေးရွာရှိကျေးရွာသူ၊ကျေးရွာသားများအတွက် အဝတ်အထည်မျိုးစုံ၊ စောင်၊ အားကစားပစ္စည်းများနှင့် ကလေးကစားစရာ ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်အဖွဲ့ဝင်များနှင့် အတူ ဘူးသီးတောင်မြို့ ဂန္ဓမာကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည့် ဂန္ဓမာကျေးရွာမှ ကျေးရွာသူကျေးရွာသားများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်းတို့က ကျေးရွာသူ ကျေးရွာသားများအတွက် အဝတ်အထည်မျိုးစုံ၊ အနွေးထည်နှင့် စောင်များ၊အားကစားပစ္စည်းများနှင့် ကလေးကစားစရာများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့် အတူ ဘူးသီးတောင်မြို့ရှိ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ဘူးသီးတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်စိုးက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ယခုအခါ နိုင်ငံတော်က စီးပွားရေး တိုးတက်လာရန် စီမံကိန်းများကို ချမှတ်ပြီး နှစ်စဉ်စီမံကိန်းလျာထားချက်များကို ဒေသအလိုက် လျာထား သတ်မှတ်ထားရာ လျာထားချက် ပြည့်မီရုံဖြင့် တာဝန်ကျေပြီဟု မယူဆဘဲ ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြစ်၍ ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှသာ စီးပွားရေးကောင်းမွန်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့်စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဘူးသီးတောင် ဒေသတွင် ဆန်ဖူလုံမှုရှိသော်လည်း လျာထားချက်ထက် ပိုမိုဆန်စပါးစိုက်ပျိုးထုတ်လုပ်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့်ရော်ဘာကို လည်း မေယုတောင်တန်းတစ်ခုလုံး ဖုံးလွှမ်းနိုင်သည်အထိ စိုက်ပျိုးကြရန်လိုကြောင်း၊ အမယ်သစ် သီးနှံဖြစ်သည့် ငရုတ်ကောင်းသည် ပြည်နယ်၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်မည့်သီးနှံဖြစ်ရာ နည်းလမ်းသုံးသွယ်ဖြင့် တိုးတက်နိုင်သမျှ တိုးတက်စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နိုင်သည့် ခြစည်းရိုးကြက်ဆူပင်များကို ဘူးသီးတောင်မြို့နယ် အနေဖြင့် လျာထားချက်ထက် ကျော်လွန်အောင် တစ်တပ်တစ်အား စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်ရေး စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများသည် ပြည်သူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် ပြောကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဘူးသီးတောင် တပ်နယ်ရှိ ဗန္ဓုလခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တို့ကို ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က လိုအပ်သည်များကို ရှင်းလင်းမှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲ အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

ထစ်ချုန်းမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝမ်းစာဖူလုံရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက် ခြစည်းရိုးကြက်ဆူပင် လျာထားကေပြည့်မီအောင်စိုက်ပျိုး ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၉ ရက်တွင် မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအားတွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

တင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသဝမ်းစာဖူလုံရေး၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ခြစည်းရိုးကြက်ဆူပင်ကို လျာထားကေပြည့်မီအောင် စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး တို့ကို အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှက ပုံပါကျင်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းပြီး တိုင်းမှူးက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် ပုံပါကျင်မြို့၏ သန့်ရှင်းသာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ ဆောက်လုပ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ပုံပါကျင်မြို့နယ်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆေးရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုနှင့် ဆေးရုံအတွင်း လိုက်လံရှင်းလင်းတင်ပြကြ၍ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ပုံပါကျင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၆–၂၀၀၇ပညာသင်နှစ် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့က ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်ကြရာ ကျောင်းအုပ်ကြီး ဦးမွေးကြူက လက်ခံပြီး **(အောက်ပုံ)** ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် နယ်မြေခံတပ်နယ်၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးကို မှာကြားပြီး မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(ဂ)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၁–၆–၂၀၀၆)

ဒုတိယအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၂–၆–၂၀၀၆)

ပထမအကြိမ် အာဆီယံ+တရုတ် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး

(၂၃–၆–၂၀၀၆)

KNUသည် ကရင်မဟုတ်ဟု ဆိုအပ်သည်

မောင်ဖိုးသံ

ကျွန်တော်သိရှိနားလည်သမျှ ပြောရရင်တော့ KNUသည် ကရင်မဟုတ်ဘူးလို့ ထင်သည်။ KNUသည် ကျွန်တော်သိခဲ့၊ ကြုံခဲ့ဖူးသော ကရင်တိုင်းရင်းသားများနှင့် လုံးဝမတူ။ သင်းကွဲဟုဆိုလျှင်ပင် ရနိုင်လောက်သည်ထင်သည်။ ယင်းတို့၏ ကိုယ်တွင်း၌ ကရင်ဟု မြတ်နိုးစွာ ခေါ်ဝေါ်သမုတ်အပ်သော ကရင်တိုင်းရင်းသားများ၏ ဖြူစင်ရိုးသားမှု သွေးမရှိဟု ထင်သည်။

ယင်းသို့ပြောရခြင်းမှာ ကျွန်တော်သိခဲ့ဖူးသော၊ ကျွန်တော်လေးစားခဲ့သော၊ ကျွန်တော် ချစ်ကြည်ရင်းစွဲရှိခဲ့သော ကရင်တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများ၏ ထူးခြားစွာ ဖြူစင်ရိုးသားသော ဝိသေသလက္ခဏာများ KNUတို့တွင် ကင်းမဲ့ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်တက္ကသိုလ်တက်သည့်အချိန်တွင် ဘာဘရာ ခင်သန်းကြည်ဆိုသူနှင့် ခင်မင်ခဲ့ဖူးသည်။ ဘာဘရာသည် ကရင်မလေး ဖြစ်ပါသည်။ အလှသွေးကြွယ်သည့် အရွယ်ဖြစ်သောကြောင့် ဘာဘရာ လှပါသည်။ အေးမြသော ဆောင်းနံနက်ခင်းတွင် လန်းဆန်းစွာ ဖူးပွင့်လာသော နှင်းဆီပန်းကလေးလို လှသည်ဟုဆိုလျှင်လည်း ဆိုနိုင်ပါသည်။ အပူအပင်ကင်းသော အရွယ်၊ တက်ကြွစွာ ပညာရှာမှီးသော အရွယ်တွင်ပင် ဘာဘရာ့မေတ္တာကို ကမ်းလှမ်းလိုသော ပုရိသများ အများအပြားပေါ်ပေါက်ခဲ့ပါသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်မှာ ကျွန်တော်တို့ချစ်သော ညီမငယ် ဘာဘရာခင်သန်းကြည် (သို့) ခင်နှင်းဆီ၏ ချွန်ထက်သော ဆူးများဖြစ်ခဲ့ပါသည်။ ဘာဘရာ မချစ်ခင်မနှစ်သက်သူများ၏ ရန်မှဝေးအောင် ကျွန်တော်တို့ ညီမငယ်ကို စောင့်ရှောက်ခဲ့ရသော အချိန်များကို ယနေ့အထိ အမှတ်ထင်ထင် သတိရဆဲဖြစ်ပါသည်။ ကျောင်းမှအပြန် ကမာရွတ်လှည်းတန်းမှ ၎င်းနေထိုင်ရာ အလုံရှိ ကရင်ခြံသို့ ကားနှစ်တန်စီးကာ ကိုယ့်စရိတ်ကိုယ်ခံ လိုက်ပို့ခဲ့ရသဖြင့် မုန့်ဖိုးချွေတာခဲ့ရသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့တစ်သိုက် ပျော်ပါသည်။ ညီမလေးကို အကာအကွယ်ပေးနိုင်ခဲ့၍ ဖြစ်သည်။

ကျွန်တော်တို့ ညီမလေး ဘာဘရာနှင့် ပတ်သက်၍ ပျော်သည့်အချိန်များလည်း ရှိခဲ့ပါသည်။ ကရင်နှစ်သစ်ကူးချိန်ဖြစ်သည်။ သူ့အတွက် သုံးခဲ့ရသော ဘတ်စ်ကားခများကျေအောင် ကရင်နှစ်သစ်ကူးချိန်တွင် သူက ပြန်ကျွေးပါသည်။ ကျွေးသမျှ ဆီချက်၊ သံဘူးဖျော်ရည် (ထိုအချိန်က တက္ကသိုလ်တွင် နာမည်ကျော်သည့် အစားအသောက်များဖြစ်ပါသည်) တို့ကိုသာမက သူ၏ ထမင်းဘူးထဲမှလည်း ထမင်းဟင်းများ နှိုက်စားခဲ့ရသည်ကို ကျွန်တော်မမေ့သေးပါ။ ဘာဘရာသည် ကျွန်တော်သိခဲ့ဖူးသော ကရင်တိုင်းရင်းသူ ညီမငယ်တစ်ဦး ဖြစ်ပါသည်။ စေတနာကောင်းသူ ဖြစ်ပါသည်။

အမိတက္ကသိုလ်မှ ပညာစုံ၍ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရရန် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံပါသည်။ ရွေးချယ်ခြင်းခံရသဖြင့် ကိုးလကြာမျှ စစ်ပညာ သင်ကြားရပါသည်။ ဗိုလ်လောင်းကျောင်းသားဘဝတွင် တိုင်းရင်းသားညီအစ်ကို ဗိုလ်လောင်းများနှင့် ပျော်ရွှင်စွာ သင်တန်းတက်ခဲ့ရပါသည်။ ဟုန်းငိုင်း၊ ကမ်ကျင်လျန်တို့သည် ချင်းတိုင်းရင်းသားများ၊ စိုင်းနော်ဆိုင်းသည် ရှမ်းတိုင်းရင်းသား၊ စောသောင်းရွှေ၊ စောစံလင်း၊ စောဂျော့လာခရူးထူးနှင့် ကြည်သိန်းတို့သည် ကရင်တိုင်းရင်းသားများဖြစ်သည်။ ကျွန်တော်သည် ကရင်တိုင်းရင်းသားများနှင့် ရေးရေစက်ပါသည်ဟု ထင်သည်။ ကျွန်တော်နှင့် စောသောင်းရွှေသည် အိပ်ဆောင်၊ တပ်စိတ်၊ တပ်စု တစ်ခုတည်းတွင်ကျသည်။ ကျွန်တော့်ခုတင်ဘေးတွင် စောသောင်းရွှေခုတင်ရှိသည်။ ညစဉ် စာကြည့်ခန်းမှ အပြန် တစ်နေ့တာပင်ပန်းသမျှကို ခုတင်ပေါ်တွင် လဲလျောင်းရင်း စကားစမြည်ပြောဖြစ်သည်။ ဘားအံဇာတိ ဖြစ်သည့် စောသောင်းရွှေသည် ကရင်တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများ၊ ဖားစည်နှင့် ဒုံးယိမ်း အကများအကြောင်းကို အမြဲပြောပြသည်။ သူ့ပါးစပ်ဆိုင်းကဒုံးသံကြားရုံမျှဖြင့် ကျွန်တော်အငြိမ်မနေနိုင်၊ အနည်းဆုံး ဒူးလှုပ်ကာ စည်းချက်လိုက်မိသည်။ စကားပြောကောင်းသူ မဟုတ်သော်လည်း ရိုးသားစွာ လိုရင်းကိုတိုတိုရှင်းရှင်းပြောသော စောသောင်းရွှေ၏ ကရင်တိုင်းရင်းသားများအကြောင်းကို ကျွန်တော် သဘောကျနှစ်ခြိုက်သည်။

အမှန်ကိုအမှန်အတိုင်း ပြောတတ်သော ရိုးသားသည့် စောသောင်းရွှေကြောင့် ငိုအားထက် ရယ်အားသန်ခဲ့ရသည်လည်း ရှိသည်။ ဗိုလ်လောင်းများကို ၁၀ယောက်တစ်တွဲ တပ်စိတ်တစ်စိတ်စီ စုဖွဲ့ထားပေးသည်။ ကျွန်တော်တို့ ဗိုလ်လောင်းတပ်စိတ်များ အကြိတ်အနယ်ယှဉ်ပြိုင်သော စွမ်းရည်ပြပွဲကို ASAULTဟုခေါ်ပါသည်။ ချေမှုန်းရေးဟု အမည်တပ်ကြပါသည်။ အခက်အခဲပေါင်းစုံကို အချိန်တိုအတွင်းကျော်ဖြတ်ချေမှုန်းနိုင်သော တပ်စိတ်သည် သူရဲကောင်းများစုစည်းရာဖြစ်သည်ဟု ခံယူသည်။ လူငယ်သဘာဝ စွမ်းရည်ပြချင်သမို့ အစွမ်းကုန်ကြိုးစားသည်။ ထိုစွမ်းရည်ပြိုင်ပွဲတွင် တပ်စိတ်အတွင်းရှိ ဗိုလ်လောင်းညီအစ်ကိုများကို စုစည်းအားဖြင့် သတ်မှတ်ချိန်အတွင်း တိုနိုင်သမျှအချိန်တိုတိုဖြင့် ချေမှုန်းနိုင်အောင် ကြိုးစားသည်။ ယင်းသို့ ပြိုင်ပွဲဝင်နေစဉ် ကိုယ်စီကိုင်ထားသော သေနတ်များကို ကိုယ်တိုင်သယ်ရသလို တချို့သော အခက်အခဲများကို လူအရင်ဖြတ်ပြီးမှ သေနတ်များကို လက်ဆင့်ကမ်း သယ်ရသောအခါများလည်း ရှိသည်။ ထိုအချိန်တွင် စောသောင်းရွှေ စဖောက်သည်။ သူသယ်နေသော သေနတ်မှာ သူ့သေနတ်မဟုတ်ဟု မောပန်းစွာ ပြေးလွှားနေသည့်ကြားမှ ကန့်ကွက်စကားဆိုသည်။ ပန်းတိုင်ရောက်လျှင် လဲပေးမည်။ အခုတော့ ရရာသေနတ်ကိုသာ သယ်၍ပြေးရန် ဝိုင်းပြောသည်။ မရပါ၊ မင်းတို့ ညာသလို ဖြစ်နေမယ်။ နိုင်လည်းမမှုဟု ဆိုသည်။ မလဲပေးလျှင် ဆက်မလိုက်ဟု ဆိုသည်။ ပြောမရသဖြင့် ခဏရပ်သည်။ ၎င်း၏သေနတ်ကို နံပါတ်ရှာ၊ ပြန်လဲပေးလိုက်မှ ကိုယ်တော်ချော ဆက်လိုက်လာသည်။ ယင်းခဏ ရပ်သည့် စက္ကန့်ပိုင်းကြောင့် ကျွန်တော်တို့တပ်စိတ် သူရဲကောင်းများ မဖြစ်ခဲ့ပါ။ ဤမျှရိုးသားသော ကျွန်တော့်သူငယ်ချင်း ကရင်တိုင်းရင်းသား ဗိုလ်လောင်းဖြစ်သည်။ သို့သော် သူ့စိတ်ဓာတ်ကို ကြိုက်သည်။ ထို့ထက် ပိုကြိုက်စရာကောင်းသည်ကို စောသောင်းရွှေ ထပ်၍လုပ်ပြသည်။ Long Range Penetration (LRP)ခေါ် ခရီးရှည်ချီတက်သော သင်ခန်းစာတွင်ဖြစ်သည်။ တပ်စိတ်လိုက် ကိုယ့်ရိက္ခာ ကိုယ်သယ်ကာ သွားရသည်။ ကိုယ့်ဘာသာကိုယ် ချက်စားရသည်။ ပဲခူးတိုင်းအတွင်း မိုးတွင်းကာလ သွားကြရသည်။ ထမင်းစားချိန်တွင် စောသောင်းရွှေ အစွမ်းပြသည်။ တောတွင်း သွားလာနေစဉ် သူချိုးခဲ့သော မျှစ်တိုမျှစ်စများ၊ ရေချောင်းများအတွင်းမှ ကောက်လာသော ခရုမျိုးစုံများကို ရိက္ခာဆန်နှင့် ရောကျိုသည်။ ငရုတ်သီးစိမ်းများ ထည့်သည်ကိုတွေ့သည်။ ကင်းပုံရွက်၊ ဆူးပုပ်ရွက်ကဲ့သို့စားကောင်းသော အရွက်များထည့်သည်။ ပြီးတော့ ကရင်ဟင်း တာလပေါ့ဟုဆိုကာကျွေးသည်။ ကျွန်တော်တို့ အလွန်ကြိုက်ပါသည်။

တပ်မတော်သားဘဝ စတင်သည့်အချိန်တွင် ရှမ်းပြည်နယ်ကျိုင်းတုံဒေသတွင် တာဝန်ကျသည်။ ကျွန်တော် စတွဲသည့် တပ်စု၏ တပ်ကြပ်ကြီးမှာ ဆရာကြီး စောတင်ဝင်းဖြစ်သည်။ ကရင်တိုင်းရင်းသားဖြစ်သည်ကို အမည်ကြားရုံဖြင့် သိသည်။ ရေစက်ပဲ ဖြစ်မည်ဟု ခံယူသည်။ အသားမှာ နေလောင်ထားသဖြင့် နီစပ်စပ်ဖြစ်သည်။ အရပ်ခပ်ပျပ်ပျပ်ဖြစ်သည်။ စကားလည်း ခပ်ပျပ်ပျပ် ပြောသည်။ သူနှင့်အမြဲပါသည့် လက်နက်နှစ်ခုရှိသည်။ သူ့သေနတ်နှင့် ဓားမတိုဖြစ်သည်။ ဓားမတို ဖြစ်သော်လည်း သူ့သခင်အတိုင်း သူကလည်းပြတ်သည်။ ပြတ်အောင်လည်း ဆရာကြီးက အားလျှင် ဓားသွေးထားသည်။ တောတိုးလျှင် ဆရာကြီးရှေ့ဆုံးမှ ဖြစ်သည်။ သူ့ဓားမတိုသည် ဆူးငြောင့်၊ သစ်ပင်၊ ပိတ်ပေါင်း အကုန်ရှင်းပေးသည်။ ရဲဘော်တွေအားလုံး ဆူးမရှပါ။ ဝါးမရှပါ။ ဆရာကြီး၏ ဓားမတိုကျေးဇူးကြောင့် ဖြစ်သည်။ အကျိုးပြုသော ဓားပင်ဖြစ်သည်။ ကျွန်တော်တို့ တောတွင်းစခန်းချလျှင်လည်း ဆရာကြီး၏ ဓားမတိုသည် မပါမပြီးဖြစ်သည်။ အချိန်တိုအတွင်း ကျွန်တော်တို့ တပ်စုရုံးအတွက် လေးယောက်စာတဲသည် သပ်ရပ်စွာ ပြီးသည်။ သစ်ခုတ်၊ နီးဖြာ၊ ဝါးကြမ်းပေါက် အလွန်မြန်သည်။ ဝါးစိမ်းအနံ့၊ သစ်ရွက်များခံကာ ဝါးကြမ်းစိမ်းစိမ်းများ၏ အေးမြသော အရသာ၊ ကာရံထားသော သစ်ရွက်များကြားမှ ဝင်နေသော လေများ၏ လတ်ဆတ် အေးမြမှုများကို ကျွန်တော်မမေ့။ တာဝန်အရ ပြည်ပနိုင်ငံများသို့ ရောက်ရှိစဉ် နိုင်ငံတကာ ကြယ်ငါးပွင့် ဟိုတယ်များတွင် အိပ်မပျော်သည့် ညများ၌ ဆရာကြီးစောတင်ဝင်း၏ သစ်ခက်တဲကို အမြဲသတိရသည်။ အမဲလိုက်ကောင်းသော ဆရာကြီးသည် တပ်စုတစ်စုလုံးအတွက် အားထားရာဖြစ်သည်။ ကျွန်တော်တို့ စခန်းဘေးသို့ လာရောက်ကျက်စားလေ့ရှိသော ရွာသားများ၏ ကျွဲနွားများကို ကျွန်တော်တို့ တစ်ခါမျှ မျက်စောင်းမထိုးမိစေရန် အမဲလိုက်ပြီး ရှာကျွေးခဲ့သောဆရာကြီးကို ကျွန်တော့်အဖေကဲ့သို့ ချစ်သည်။

ကျွန်တော်သည် ဆရာကြီး စောတင်ဝင်း၏ သူရသတ္တိကိုလည်း တိုက်ပွဲများတွင် တွေ့ခဲ့ရသည်။ ကာဘိုင်ကို စနစ်တကျပစ်ခတ်ရင်း ကျွန်တော်နှင့်အတူ တပ်စုကိုကွပ်ကဲကာ တိုင်းပြည်၏ ရန်သူများကို ချေမှုန်းခဲ့သူအဖြစ် မှတ်မိသည်။ သူ့သေနတ်ပြောင်းသည် သောင်းကျန်းသူများကိုသာ တည့်မတ်စွာ ချိန်ရွယ်သည်ကို သိခဲ့ဖူးပါသည်။ သူတပ်မတော်အတွင်းမှ အနားယူချိန်တွင် မည်သို့ နေထိုင်စားသောက်မည်ကို ကျွန်တော်မေးကြည့်ဖူးသည်။ ပဲခူးရိုးမရှိ သူ့ဇာတိကိုပြန်မည်။ တောင်ယာလုပ်စားမည်။ ယခုဓားမအပြင် နောက်ထပ်ဓားမတိုတစ်ချောင်းရှိလျှင်ပင် မိသားစုလေးယောက် ထမင်းမငတ်ဟု ပြုံးကာပြောသောသူ့ကို သတိရသည်။ ပြောသည့်အတိုင်းပင် ဆရာကြီးပင်စင်ယူချိန်တွင် ပင်စင်စာအုပ်၊ ကရုဏာကြေးနှင့် ဓားမတိုများကိုသာသယ်ကာ သူ့မိသားစုကို ဦးဆောင်ခေါ်သွားသည့် ဆရာကြီးကို ကျွန်တော်ခုတိုင် မတွေ့နိုင်တော့ပါ။ ဖြောင့်မတ်သော၊ စံနမူနာပြုထိုက်သော ကရင်တိုင်းရင်းသား တပ်မတော်သားတစ်ဦးအဖြစ် ကျွန်တော့်ရင်ထဲတွင် ထာဝရသူရှိနေသည်။

ဤသို့ စေတနာကောင်းသော လှပသည့် ကရင်တိုင်းရင်းသူ ဘာဘရာ၊ ရိုးသားပွင့်လင်းသည့် ကရင်တိုင်းရင်းသား တပ်မတော်သား စောသောင်းရွှေ၊ ဖြောင့်မတ်သော စံနမူနာပြု စစ်သည်တော်ဆရာကြီး စောတင်ဝင်းကဲ့သို့သော ကရင်တိုင်းရင်းသားများနှင့် အနေများခဲ့သဖြင့် KNUသည်ကရင်မဟုတ်ဟု ကျွန်တော်ပြောခြင်းဖြစ်သည်။

ကရင်တိုင်းရင်းသူ ဘာဘရာကို သူ မချစ်ခင်၊မနှစ်သက်သောသူများ လိုက်လံမနှောင့်ယှက်နိုင်အောင် ကျွန်တော်တို့ ကာကွယ်ခဲ့သည်။ KNUကမူ ဘာဘရာကဲ့သို့ ကရင်တိုင်းရင်းသူများ နေထိုင်ရာရွာများကို ကြောက်ခမန်းလိလိ လက်နက်ကြီး၊ လက်နက်ငယ်များနှင့်ပစ်ခတ်၊ အိမ်များကိုမီးရှို့ခဲ့သည့် ဖြစ်ရပ်မှန်များနှင့်စပ်လျဉ်း၍ သံတောင်ကြီးဒေသမှ ဒေသခံတိုင်းရင်းသားများက ရင်ဖွင့်ပြောဆိုခဲ့သည်များကို၁၅-၅-၂၀၀၆ ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် ရင်နင့်စွာကြားခဲ့ရသည်။ ရိုးသားသော ဒေသခံများက သူတို့ပြောတတ်သည့်အတိုင်း ပြောသွားသည်ကို ကြားရုံ မျှဖြင့် ကြက်သီးမွေးညင်းထသည်။ ကိုယ့်တိုင်းရင်းသားများကို ကာကွယ်စောင့်ရှောက်ရမည့်အစား ရက်စက်ယုတ်မာစွာဆက်ဆံကျင့်ကြံသူများဖြစ်သဖြင့် KNUသည် ကရင်မဟုတ်ဟု ပြောရခြင်း ဖြစ်ပါသည်။

မြူးကြွသော တေးသံ၊ သွက်လက်သောအကများကို ဖန်ဆင်းနိုင်သည့် ကရင်ဒုံးသံ၊ စောသောင်းရွှေပြောပြခဲ့သည့် ကရင်ဖားစည်သံများအစား ကလေးငယ်များ ငိုကြွေးသံ၊ သက်ကြီးရွယ်အို ကရင်တိုင်းရင်းသား အဘိုးအဘွားများ၏ အကူအညီတောင်းခံသံ၊ ချွေးနှဲစာဖြင့် တည်ဆောက်အပ်သော လူနေအိမ်များ၊ တဖျစ်ဖျစ် မီးလောင်ကျွမ်းသံ၊ လူအများအသက်လုပြေးနေသော ခြေသံ၊ KNU၏ လက်နက်ကြီးလက်နက်ငယ်များ ကျရောက်ပေါက်ကွဲသံများ ကြားယောင်မိသည်။ စောသောင်းရွှေ၏ ပါးစပ်ဒုံးသံကိုကြားစဉ်က ဒူးလှုပ်သလို မလှုပ်နိုင်။ ကျွန်တော်ငိုင်နေသည်။ ကိုယ်ချင်းစာမိသည်။ ကရင်တိုင်းရင်းသား ဆရာကြီးစောတင်ဝင်း၏ ကာဘိုင်သည် သောင်းကျန်းသူများဘက်သို့သာ ချိန်ရွယ်ခဲ့သည်။ KNU၏ သေနတ်များသည် ကရင်တိုင်းရင်းသားများဘက်သို့ တည့်မတ်စွာ လှည့်နေသည်ကို မယုံကြည်နိုင်စွာ သိရှိလာခဲ့သည်။

တပ်စိတ်အဆင့်ပြိုင်ပွဲ၌ပင် မှုတစွာယှဉ်ပြိုင်ပြီး ရိုးသားစွာပြောကြားခဲ့သော ကရင်တိုင်းရင်းသား စောသောင်းရွှေ၏ ပင်ကိုရိုးသားမှုကို KNU ၌ ကျွန်တော်ရှာမတွေ့နိုင်။ နယ်စပ်ရှိ ဒုက္ခသည်စခန်းများဟု ခေါ်ဝေါ်သမုတ်အပ်သည့် နေရာများတွင် နေထိုင်သူများမှာ KNU အဖွဲ့ဝင်များ၏ မိသားစုများသာဖြစ်ကြောင်း၊ ယင်းတို့၏ဆန္ဒ တစ်ပြားသားမျှမပါဘဲ KNUခေါင်းဆောင်များက အတင်းရွှေ့ပြောင်းထားသူများဖြစ်ကြောင်းကို ၁၅-၅-၂၀၀၆ ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် မြင်တွေ့လိုက်ရသည်။ အမှန်မပြောသည့် လိမ်ညာတတ်သည့် KNU သည် ကရင်မဟုတ်ဟု အမှန်ကိုအမှန်အတိုင်း ဖြစ်စေလိုသော ကျွန်တော်သိသည့် စောသောင်းရွှေနှင့် ဥပမာပေး တိုင်တည်လိုသည်။

စောသောင်းရွှေ ချက်ကျွေးခဲ့သော တာလပေါ့ဟင်းကို ကရင်တိုင်းရင်းသားမဟုတ်သည့် ကျွန်တော်တို့ ကြိုက်သည်။ ကျွန်တော်တို့သည်ပင် ဤမျှကြိုက်လျှင် ကရင်တိုင်းရင်းသားများအနေဖြင့် ကြိုက်မှကြိုက် ဖြစ်မည်မှာ သေချာသည်။ သို့သော် သူတို့ကြိုက်သောဟင်းကိုပင် သူတို့ မစားနိုင်ရှာတော့ပြီကိုလည်း သိခဲ့ရသဖြင့် ယူကျုံးမရဖြစ်မိသည်။ မုန်းကျေးရွာအုပ်စုတွင် ဒေသခံတိုင်းရင်းသားများသည် ဘာသာဘာဝ ဖားရှာငါးရှာ၊ ဟင်းရွက်ခူးခြင်းကို မဆိုထားဘိ၊ ရွာပြင်ကိုမျှမသွားရဲအောင် KNUတို့က မိုင်းထောင် ခြိမ်းခြောက်သည်ကို ကြားသိရသဖြင့် ရင်နာသည်။ စားကောင်းခြင်း မစားရသော၊ အိပ်ကောင်းခြင်း မအိပ်ရသောဘဝကို မျှဝေခံစားရသည်ကပင် ပင်ပန်းလှသည်။

ဆရာကြီးစောတင်ဝင်းသည် တပ်စုအတွက် တောပစ်ပြီး အသားရှာကျွေးခဲ့သည်။ ဒေသခံများ၏ ကျွဲနွားများကို တစ်ခါမျှမကျူးလွန်ခဲ့။ သို့သော် KNUသည် ရွာသားများ၏ ကျွဲနွားများကိုသာ အာသီသရှိသည်ကို ဒေသခံများ၏ ပြောကြားချက်များအရ သိခဲ့သည်။ ကွာခြားလွန်းလှသည်။ ဆရာကြီး စောတင်ဝင်းသည် ယင်း၏တရားသဖြင့်ရှာဖွေထားသည့် လစာ၊ ပင်စင်နှင့် ဓားမတိုများကိုသာ ယူဆောင်ကာ ဇာတိမြေသို့ ပြန်သည်ကိုသာ တွေ့ခဲ့ဖူးသည်။ KNUသည် ကျေးရွာသားများ၏ ချွေးစွန်းသော ချွေးနှဲစာများကို လုယက်ယူငင်သည်ကို သိလိုက်ရသည်။ ဆက်ကြေးတောင်းသည်ကို သိလိုက်ရသည်။ ဝိသမလောဘသားများပါလား။ ထို့ကြောင့် KNUသည် ကရင်မဟုတ်ဟု ဆိုအပ်သည်။

ဆရာကြီးစောတင်ဝင်း၏ ဓားမတိုသည် ဆူးငြောင့်ခလုတ်တို့ကိုရှင်းသည်။ လေဒဏ်မိုးဒဏ်မှ အကာအကွယ်ပေးရန် အသုံးဝင်ခဲ့သည်။ KNUတို့၏ ဓားသည် တိုင်းရင်းသား ကရင်လူငယ်ကလေးများ၏ လည်ပင်းကို လှီးသည်ဟု မုန်းဒေသ ကြောင်ပြာကျေးရွာမှ ဒေသခံတစ်ဦးက ရင်ဖွင့်သည်ကို ကြားခဲ့ရသည်။ ဓားပင်ဖြစ်သော်ငြားလည်း ကရင်တိုင်းရင်းသားနှင့် KNUတို့အကြား အသုံးချမှု ကွာခြားပုံကို သိခဲ့ရသည်။ ထို့ကြောင့် KNUသည် ကရင်မဟုတ်ဟု ဆိုရခြင်း ဖြစ်ပါသည်။ ။

✡ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေး တပ်နယ်သို့ သွားရောက်၍ တပ်နယ် အတွင်းရှိ အရာရှိ၊ စစ်သည် မိသားစု များအား အောင်နိုင်ဟိန်း တပ်နယ် ခန်းမ၌ တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင် ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုး ရေး မှာကြားပြီး တက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်း၏ ခြံစည်းရိုးကြက်ဆူပင် ဧက၈၀ စုပေါင်းစိုက်ပျိုးပွဲသို့ တက် ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ကို စိုက်ပျိုးပေးကြပြီး တပ်မတော်သား များနှင့် မိသားစုများ၏ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှု နှင့် သီးနှံစိုက်ခင်းများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြို့ရောင်လမ်းဘေး၌ နယ် မြေခံ တပ်ရင်းက စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင်၂၃ဒသမ၃၄ဧက နှင့် တပ်တွင်း၌ စိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်နှင့် သီးနှံပင်များကို လှည့်လည် ကြည့်ရှု စစ်ဆေးပြီး မကွေးမြို့နယ် ကန်သာ ကြီး ကျေးရွာအနီး၌ ဒေသခံတောင်သူ များ စိုက်ပျိုးထားသည့် ဆင်းရတနာ (၈) နှမ်းဖြူမျိုးဧက ၂၁၀ စိုက်ပျိုး ဖြစ်ထွန်းနေမှုနှင့် ဆင်းပဒေသာ(၇) မြေပဲမျိုးသန့် ၁၅ဒသမ၄ဧက စိုက်ပျိုး ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေနံချောင်း မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်၍ ကြက် ဆူပင်များကို စိုက်ပျိုးပေးကြပြီး တက် ရောက်လာကြသူများ၏ ခြံစည်းရိုး ကြက်ဆူပင်ခုနစ်ဧက စုပေါင်းစိုက် ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေး– ကျောက်ပန်းတောင်းလမ်း နယ်မြေခံ တပ်ရင်းမိသားစုများ၏ ခြံစည်းရိုး ကြက်ဆူပင် ၁၀ဧက အပင် ၁၂၀၀၀ စိုက်ခင်းနှင့် ပျိုးပင်များကို ကြည့်ရှု စစ်ဆေးကြပြီး ရေနံချောင်း စက်မှုဇုန် အထွေထွေစက်မှုကုန်ထုတ်သမဝါယမ အသင်းလီမိတက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စက်မှုဇုန်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းက စက်မှုဇုန်မှ ထုတ်လုပ် သော မော်တော်ယာဉ်များ၊ မော်တော် ဆိုင်ကယ်များနှင့် စက်အရန်ပစ္စည်း များ အခြေအနေကို ရှင်းလင်းတင်ပြ သည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ တက်ရောက်လာ ကြသည့် စက်မှုလုပ်ငန်းရှင်များက လိုအပ်သည်များကို ရှင်းလင်းတင်ပြ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် စက်မှု ဇုန် ကြီးကြပ်မှုကော်မတီဝင်များက ဦးဆောင်ပြီး စက်မှုလုပ်ငန်းအောင်မြင် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က ရည်မှန်း ထားသည့် ဒေသအတွင်းအလုပ်အကိုင် များရရှိရေး၊ စက်မှုနည်းပညာများ တိုးတက်ရေး၊ စက်မှုဇုန် လုပ်ငန်းရှင် အချင်းချင်း နည်းပညာများ ဖလှယ် နိုင်ရေး စသည့် စက်မှုလက်မှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြား စက်မှုဇုန်များသို့ သွားရောက်လေ့လာ ၍ မိမိစက်မှုဇုန် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှု ဇုန်အတွင်း လုပ်ငန်းများ အလိုက် နေရာချထားမှု၊ အုပ်ချုပ်မှု၊ အဆောက် အအုံများနေရာချထားမှု စနစ်တကျ ဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေနဂါး စက်မှုလက်မှု စုပါကပ် ဆိုင်ကယ်ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး ရာ စက်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းက ဆိုင်ကယ်ထုတ်လုပ်မှု အဆင့်ဆင့်နှင့် အရန်ပစ္စည်းများ၊ ရောင်းရန် အသင့် ဖြစ်နေသော ဆိုင်ကယ်အမျိုးမျိုးတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြား ပြီး ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ချောက်မြို့နယ် ငွေးချို ကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် သုံးဧက စိုက်ပျိုးထားရှိမှုအခြေအနေ ကို လည်းကောင်း၊ ကျောက်ပန်း တောင်း–ညောင်ဦး ကားလမ်း၌ ညောင်ဦးခရိုင် ရဲတပ်ဖွဲ့၏ ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညောင်ဦး မြို့နယ် တုရင်းတောင်ခြေရှိ မြကန် စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြကန် စိမ်းလန်း သာယာစိုပြည်ရေး စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြ ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားဖြည့် ဆည်း ဆောင်ရွက်ပေးကာ လုပ်ငန်းခွင် အတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လောက နန္ဒာ မြစ်ရေတင်စီမံကိန်း ရေသွယ် မြောင်း အမှတ်(၆)၊ အမှတ်(၄)၊ အမှတ်(၂)တို့နှင့် ပင်မရေထုတ်ပေါက် များကို လည်းကောင်း၊ ကန်ပေါက် ကျေးရွာနှင့် ကြို့အိုင်ကျေးရွာတို့မှ တောင်သူများ စိုက်ပျိုးထားသည့် မနောသုခ စပါးခင်းများ ကိုလည်း ကောင်း၊ ရွှေတွင်းကျေးရွာ၌ စပါး စိုက်ရန် လယ်မြေသစ် ဖော်ထုတ် နေမှု၊ ကုန်းမြင့်လယ်မြေဧက ၂၀၀ ဖော်ထုတ်နေမှု၊ ရေပေးဝေရန် ရေပိုက် များ ဆက်သွယ်ဆောင်ရွက်နေမှုတို့ ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

လောကနန္ဒာမြစ်ရေတင်စီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် လောက နန္ဒာမြစ်ရေတင် စီမံကိန်းရှင်းလင်း ဆောင်သို့ ရောက်ရှိကြရာ ရေအရင်း အမြစ် အသုံးချရေးဦးစီးဌာန လက် ထောက် ညွှန်ကြားရေးမှူး ဦးမောင် မောင်လွင်က လောကနန္ဒာမြစ်ရေ တင်လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည် များကို မှာကြားကာ ပင်မ ရေငြိမ် ကန်သို့ ရေတင်ပို့မှု၊ ပင်မမြောင်းမှ ရေပေးဝေနေမှု အခြေအနေများနှင့် လောကနန္ဒာမြစ်ရေတင် လုပ်ငန်းခွင် ၁၅ကေဗွီအေ ဓာတ်အားခွဲရုံ တပ်ဆင် ထားရှိမှု အခြေအနေကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေတွင်း ကျေးရွာအနီး စိုက်ပျိုးထားသည့် မိုးကြို စပါးခင်းနှင့် နွေစပါးခင်းတို့ကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညောင်ဦး ခရိုင် အမျိုးသမီးရေးရာအဖွဲ့က စိုက် ပျိုးထားသည့် ကြက်ဆူပင် ငါးဧက၊ အပင် ၆၅၀၀စိုက်ခင်းကိုကြည့်ရှုစစ် ဆေးပြီး ပုဂံ–ညောင်ဦးမြို့၌ ညအိပ် ရပ်နားသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီး ရှမ်းမငယ်ရေလှောင်တမံ တည်ဆောက် တမံအလျားပေ ၆၃၂၀ရှိပြီး မုန်တိုင်ဆည်သို့ ရေကူးပေးမည့် ရေလှောင်တမံဖြစ်

ရန်ကုန် ဇွန် ၁၇

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)၊ တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ရက် မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့နယ် အောင်သာကျေးရွာအနီးရှိ ရှမ်းမငယ်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက ရှမ်းမငယ်ရေလှောင်တမံစီမံကိန်း၏ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များမှာကြားပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရှမ်းမငယ် ရေလှောင် တမံမှာ တမံအလျားပေ ၆၃၂၀၊ အမြင့် ၈၉ပေရှိ မြေသားတမံ အမျိုးအစား ဖြစ်၍ တမံ၏ ကန်ရေပြည့် ရေလှောင် ပမာဏမှာ ဧကပေ ၂၁၉၁၀ ဖြစ်ပြီး မုန်တိုင်ဆည်သို့ ရေကူးပေးမည့် ရေ လှောင်တမံဖြစ်၍ တည်ဆောက်ရေး ကာလမှာ နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ် ပြီး ၂၀၀၈ခုနှစ် မတ်လအပြီး တည် ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ရှင်သန်ဖြစ်ထွန်းမှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် အဖွဲ့ ဝင်များ လိုက်ပါလျက် မိတ္ထီလာ– ကျောက်ပန်းတောင်းလမ်း ဇရပ်ကွင်း လမ်းဆုံသို့ ရောက်ရှိပြီး ဇရပ်ကွင်း– နတ်မောက်လမ်းဆုံရှိ လမ်းဘေးဝဲယာ ခြံစည်းရိုးကြက်ဆူပင် တစ်အုပ်တစ်မ စိုက်ခင်းတွင် ခြံစည်းရိုးကြက်ဆူပင် များ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ သည် ရွာမွန်–ဇီးဖြူကုန်းကားလမ်းရှိ ကျောက်ပန်းတောင်းမြို့နယ် ဆင် ခေါင်းကျေးရွာအုပ်စု စံပြကျေးရွာပိုင် ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက် ရှိပြီး စိုက်ခင်းအတွင်း ခြံစည်းရိုး ကြက်ဆူဧက ၁၀၀ လျာထားစိုက် ပျိုးရာ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ကျောက်ပန်းတောင်းမြို့နယ် ဆင် ခေါင်းကျေးရွာအနီးရှိ မိုးစပါး ၄၈ဧက စိုက်ကွင်းသို့ ရောက်ရှိကာ စိုက်ကွင်း အတွင်း မိုးစပါးများအောင်မြင် ဖြစ် ထွန်းနေမှုနှင့် ရေရရှိမှု အခြေအနေ များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မိုးစပါးကို ရာသီချိန်အမီ နှစ်သီးရရှိ အောင် ကြိုးပမ်းစိုက်ပျိုးရေး၊ အထွက် တိုးရေးအတွက် နည်းပညာများကို အောက်ခြေအထိ ကွင်းဆင်း၍ တောင်သူများသိရှိ လိုက်နာဆောင်ရွက် လာအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရွာမွန်–ဇီးဖြူကုန်းကားလမ်း အရှေ့ ဘက် လေးမိုင်အကွာ ပင်းချောင်း ရေလှောင်တမံအနီးရှိ ယုဇနကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လျာထား ဧက ၁၀၀၀ ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့ရောက်ရှိပြီး ပျိုးဥယျာဉ် အတွင်း ပျိုးထုပ်များဖြင့် ပျိုးထောင် ထားရှိသော ခြံစည်းရိုးကြက်ဆူပင် ၃၈၀၀၀၀ ရှင်သန် ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ ပင်းချောင်းရေလှောင် တမံအတွင်း ရေဝင်ရောက်မှု အခြေ အနေနှင့် ပင်မရေပေးမြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေ များကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ပညာပေးဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးသည် အဖွဲ့ဝင်များလိုက်ပါလျက် ညနေ၄နာရီ ၁၅မိနစ်တွင် ကျောက်ပန်းတောင်းမြို့ နယ် ကိုင်းကျေးရွာအုပ်စု မျိုးသန့် စံပြကျေးရွာရှိ နွေစပါးဧက၂၀၀ စိုက် ကွင်းသို့ ရောက်ရှိကြပြီး ကြက်မောက် တောင်ဆည် ရေသောက်စနစ်ဖြင့် စိုက် ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော နွေစပါး စိုက်ခင်းများကို ကြည့်ရှု စစ်ဆေးကာ **(အပေါ်ပုံ)** တာဝန်ရှိသူ များအား စပါးမျိုးသန့်များ ရွေးချယ် စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်တိုးရရှိ အောင်ဆောင်ရွက်ရမည့်နည်းလမ်းများ ကို တောင်သူများသိရှိအောင် စည်းရုံး ပညာပေးဆောင်ရွက်ရေး မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

စိုက်ပျိုးရန်လျာထား

ကျောက်ပန်းတောင်းမြို့နယ် ၂၀၀၆–၂၀၀၇ခုနှစ် နွေစပါးစိုက်ပျိုးရန် ၃၆၅၆ဧကလျာထားရာ ၄၀၉၁ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၆–၂၀၀၇ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် ၃၂၉၄၉ဧက လျာထားရာ ၄၂၃၅၇ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

သစ်တောသယံဇာတဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၁၇

မြန်မာနိုင်ငံ သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း FREDA၏ နဝမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၁၆ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Summit Part View ဟိုတယ်၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ မြန်မာနိုင်ငံ သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်းသည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကမ္ဘာမြေ လောကရှင်သန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ရည်ရွယ်ချက်ခုနစ်ရပ်ချမှတ်ပြီး မြန်မာနိုင်ငံ၏ သစ်တော ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တောတွင်းတိရစ္ဆာန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ အသင်း၏ လုပ်ငန်းတာဝန် များဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ကူညီအားပေးပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးစိန် မောင်ဝင့်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစစ်ဗိုလ်က နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းတို့ကို ရှင်းလင်းတင်ပြ၍ အသင်းသားများ၏ အကြံပြုချက်များကို အထွေထွေအတွင်းရေးမှူး ဦးအုန်းက ရှင်းလင်းဖြေကြားသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အသစ်များ၏ အမည်ကို ဖတ်ကြားတင်ပြပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ပံ့ပိုးပေးလျက်ရှိ

အဆိုပါအသင်းကို ၁၉၉၆ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် တည်ထောင်ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် ဂျပန်၊ အင်္ဂလန်နှင့် ဂျာမနီနိုင်ငံများမှ အပြည်ပြည်ဆိုင်ရာ NGO အဖွဲ့ များနှင့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အသင်းသည် ကလောဒေသတွင် ကျေးလက်နေပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘိုကလေးမြို့နယ်တွင် ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေး၊ ညောင်ဦးမြို့နယ်တွင် အပူပိုင်းဒေသ သီးနှံသစ်တောရောနှောစိုက်ပျိုးရေး၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်တွင် တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် M.Sc ဘွဲ့အတွက် လေ့လာသူ ၁၉ဦး၊ Ph.D ဘွဲ့အတွက် လေ့လာသူ၂၉ဦး စုစုပေါင်း ၄၈ဦးတို့အား ပညာသင်ဆုများကို ပံ့ပိုးပေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂိုးမိုးခေါင်သည့် ပြင်သစ် အိပ်မက်ဆိုးက နိုးထချိန်တန်ပြီ
ချန်ပီယံဘရာဇီးက ဩစတြေးလျကို ဆမ်ဘာအကဖြင့် ညှော်ခံမည်

ရန်ကုန် ဇွန် ၁၇

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်များယှဉ်ပြိုင်ကစားလျက်ရှိရာ အိမ်ရှင်ဂျာမနီ၊ အီကွေဒေါ၊ အင်္ဂလန်၊ အာဂျင်တီးနားနှင့် ဟော်လန် (နယ်သာလန်)တို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များသို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၁၈ရက်နှင့် ၁၉ရက်တို့တွင် အုပ်စုဒုတိယပွဲစဉ်များအဖြစ် အုပ်စု(စ)မှ ဂျပန်နှင့်ခရိုအေးရှား၊ ဘရာဇီးနှင့် ဩစတြေးလျ အုပ်စု(ဆ)မှ ပြင်သစ်နှင့် တောင်ကိုရီးယားတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျပန်နှင့်ခရိုအေးရှား

ဇွန် ၁၈ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇နာရီခွဲတွင် နုရင်ဘတ်မြို့ရှိ Fran Ken-Stadion၌ အုပ်စု(စ)မှ ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲဦးထွက်၌ ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ကြရသော နှစ်သင်းဆုံတွေ့ခြင်းဖြစ်ရာ အမှတ်ရရှိရေး အသည်း ပေါက်မတတ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျပန်အသင်းသည် ပွဲဦးထွက်၌ ရှုံးချက် နာခဲ့ရသည်။ ဂျပန်အသင်းသည် ဩစတြေးလျအသင်းကို တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့ပြီးမှ ပွဲပြီးရန် ၈မိနစ်အတွင်း သုံးဂိုးပြန်ပေးရပြီး ရှုံးခဲ့ရခြင်းဖြစ်သည်။ ဂျပန်အသင်းအတွက် ၂၆မိနစ်တွင် နာကာမူရာက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဩစတြေးလျအသင်းတွက် ကာဟေးလ်က ပထမဂိုးနှင့် ဒုတိယဂိုးသွင်းယူပြီး တတိယဂိုးကို အလွိုင်ဆီက သွင်းယူခြင်းဖြစ်သည်။ ကာဟေးလ်(အဲဗာတန်)သည် ဒုတိယပိုင်း၌ လူစားဝင်လာခြင်းဖြစ်သော်လည်း နှစ်ဂိုးသွင်းယူပေးနိုင်သဖြင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသွားသည်။

ဂျပန်အသင်းမှ ကစားသမားများ တစ်ဦးချင်း ခြေစွမ်းမညံ့ကြသော်လည်း အသင်းလိုက် ရင့်ကျက်မှု လိုအပ်နေသေးသည်။ ဂျပန်အသင်း ရှုံးနိမ့်ရခြင်းနှင့် ပတ်သက်၍ နည်းပြ ဇစ်ကို၏ လူစားလဲ မှားယွင်းမှုကြောင့်ဖြစ်ကြောင်း သုံးသပ်မှုများလည်း ရှိသည်။ နည်းပြ ဇစ်ကိုအနေဖြင့် ခံစစ်ဇုန်ကို ကွင်းလယ်၌ တည်ဆောက်ရမည့်အစား ပယ်နယ်တီဧရိယာအပြင်ဘက် ၁၈ကိုက် စည်းအစပ်၌ အထိုင်ချခဲ့ခြင်းကြောင့် ချေပဂိုးများ ပေးခဲ့ရခြင်းဖြစ်သည်။ လူစားလဲမှားယွင်းမှုကြောင့်ဆိုသည်မှာ နည်းပြဇစ်ကိုအပေါ် လုံးလုံးလျားလျား ပုံချခြင်းဖြစ်နေသည်။ ဂျပန်အသင်းမှ ပထမ ၁၁ယောက်နှင့် အရန် ကစားသမားများ ခြေကွာခြားလှသည် မဟုတ်ပေ။ ဂျပန်အသင်းသည် ပွဲပြီးခါနီးအချိန်ပိုင်းများ၌ အာရုံစူးစိုက်မှု လျော့နည်းခြင်းကြောင့် သုံးဂိုးပေးလိုက်ရခြင်းဖြစ်သည်။

တောင်းပန်စကား

ဂျာမနီအထိ လိုက်လံအားပေးသည့် ဂျပန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကာဝါဘူချီက ဂျပန်ဘောလုံးပရိသတ်များအားတောင်းပန်စကားပြောကြားခဲ့သည်။ "ဩစတြေးလျကို ရှုံးရခြင်းအတွက် ပရိသတ်ကိုအထူးတောင်းပန်ပါကြောင်း၊ရလဒ်မှာစိတ်ပျက်စရာဖြစ်သော်လည်း ဘောလုံးအားကစားနည်း၌ဖြစ်လေ့ဖြစ်ထရှိပါကြောင်း၊ ဂျပန်အသင်းကို ပရိသတ်များအားလုံး ဆက်လက် အားပေးသွားကြစေလိုကြောင်း" ဂျပန်အသင်း၏ လေ့ကျင့်ရေးကွင်း၌ ဥက္ကဋ္ဌကာဝါဘူချီက ပြောကြားခဲ့သည်။ ဂျပန် အသင်း နည်းပြ ဇစ်ကိုကလည်း "ယခုကဲ့သို့ ဂိုးအရေးအတွက် မျိုးဖြင့်ရှုံးမည်ဟု မမျှော်လင့်ခဲ့ကြောင်း၊ ဂိုးရှုံးသော်လည်း ကစားရာ၌ကောင်းသည့် အချက်များကို တွေ့ခဲ့ရကြောင်း၊ ခရိုအေးရှားကိုအပိုင်ကစားပြီး သုံးမှတ်အရယူပြမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဂျပန်တိုက်စစ်မှူး တာကာဟာရကလည်း ပထမပွဲနှင့်မတူသော ရလဒ်မျိုးပေါ်ထွက်လာအောင် ကြိုးစားကစားမည်ဟု အာမခံပြောကြားထားသည်။

ခရိုအေးရှား

ခရိုအေးရှားအသင်းသည် ပွဲဦးထွက်၌လက်ရှိချန်ပီယံ ဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ရှိနေဆဲဖြစ်သည်။ အောင်မြင်မှု အစဉ်အလာ ရှိထားသော ခရိုအေးရှား အသင်းအနေဖြင့် ဂျပန်နှင့် ဩစတြေးလျတို့ကို နိုင်လျှင် အုပ်စုတက်မည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဘရာဇီးလို တိုက်စစ်အားကောင်းသော အသင်းကို တစ်ဂိုးသာ ကပ်ရှုံးခဲ့သဖြင့် ခရိုအေးရှားအသင်းကို လျှော့တွက်၍ မရပေ။ ခရိုအေးရှားနည်းပြ ကရန်ဂျာက အခွင့်အရေးတစ်ကြိမ်က နေ ဘရာဇီး ဂိုးရအောင် လုပ်သွားသော်လည်း မိမိတို့ ခြေမရှုံးကြောင်း၊ ဘရာဇီးမှာ ကာကာလို ပွဲအဖြေပြောင်းနိုင်သည့် ကစားသမားမျိုးပါဝင်နေ၍ တစ်ပန်းသာ ကြောင်း၊ ယခုပွဲ၌ မိမိတို့၏ စွမ်းရည်ကို စမ်းသပ်နိုင်ခဲ့ပြီးဖြစ်၍ နောင်လာမည့် ပွဲများတွင် အကောင်းဆုံးပြင်ဆင်ပြီး ရလဒ်ကောင်းမည်ဟု မျှော်လင့်ကြောင်း ပွဲအပြီး ပြောကြားခဲ့သည်။

ဂျပန်နှင့် ခရိုအေးရှားတို့ နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ တစ်ပွဲစီအနိုင်ရရှိခဲ့ကြသည်။ ဂျပန်၏ လက်ရှိ ကမ္ဘာ့အဆင့် က(၁၈)၊ ခရိုအေးရှား၏ လက်ရှိကမ္ဘာ့အဆင့်က(၂၃)ဖြစ်သည်။ နှစ်သင်းစလုံးပွဲဦးထွက် ရှုံးခဲ့ကြသော်လည်း ခြေစွမ်းမညံ့ခဲ့ကြပါ။ ခရိုအေးရှားအသင်း အလယ်တန်းနှင့် နောက်တန်း အထူးတောင့်တင်း၍ ဂျပန်တို့လွယ်လွယ်နှင့် ဂိုးရနိုင်မည်မဟုတ်ပေ။ ခရိုအေးရှားတိုက်စစ်မှူး ကလာစနစ်နှင့် ဒါတိုပါဆိုတို့ နိုင်ငံတကာပွဲအတွေ့အကြုံများပြီး ပွဲကြီးတိုးနိုင်သည်။ ဂျပန်တိုက်စစ်မှူး တာကာဟာရနှင့် ယာနာဂီဆာဝါတို့ လျင်မြန်ပြီး ကြံ့ခိုင်မှုကောင်းသော်လည်း အတွေ့အကြုံရင့် နောက်တန်းများကို ထိုးဖောက်နိုင်ပါ့မလားစဉ်းစားစရာဖြစ်သည်။ အလယ်တန်းချင်းယှဉ်လျှင်မကွာသော်လည်း နောက်တန်းက ခရိုအေးရှားသာသည်။ သရေပွဲဖြစ်သွားနိုင်ပြီး ခရိုအေးရှား နိုင်ခဲ့လျှင် ပွတ်ကာသီကာပဲဖြစ်မည်ဟု ထင်မိသည်။

ဘရာဇီးနှင့်ဩစတြေးလျ

ဇွန်၁၈ရက်**(ယနေ့)**မြန်မာစံတော်ချိန် ည ၁၀နာရီခွဲတွင် မြူးနစ်မြို့ Allianz Arena အားကစားကွင်း၌ အုပ်စု(စ)မှ ဘရာဇီးအသင်းနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်ရှိချန်ပီယံ ဘရာဇီးအသင်းနှင့်မျက်နှာသစ်ဩစတြေးလျ အသင်းတို့၏ ပွဲစဉ်မှာ အနိုင်အရှုံး အဖြေအတွက် ခေါင်းစားနေရမည့် ပွဲမျိုးမဟုတ်ဘဲ ဘောလုံးရသကို အရသာခံ ကြည့်ရမည့် ပွဲဖြစ်သည်။

ဘရာဇီးအသင်းသည် ပွဲဦးထွက်၌ ခရိုအေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ချန်ပီယံခြေစွမ်းမျိုးမပြနိုင်သေးသော်လည်း သုံးမှတ်အပြည့်ရခဲ့ပြီဖြစ်သည်။ ဘရာဇီးအသင်းသည် ပွဲဦးထွက်ပွဲစဉ်များ၌ ဂိုးမြူးလေ့မရှိဘဲ ကပ်နိုင်သည့်အစဉ် အလာရှိ၍ အထူး အံ့အားသင့်နေကြမည် မဟုတ်ပေ။ သို့သော် ဩစတြေးလျလို မျက်နှာသစ်အသင်းမျိုးကို ဘရာဇီးက ကပ်နိုင်မည်ဆိုလျှင် ပရိသတ်များ မချင့်မရဲ ဖြစ်ကြရမည် ဖြစ်သည်။ ဘရာဇီးအသင်းမှ ကာကာ၊ ရော်နယ်ဒင်ဟို၊ ရော်နယ်ဒို၊ အက်ဒရီယာနို တို့ဆိုသည်မှာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး စာရင်းဝင်များဖြစ်ကြသည်။ ဩစတြေးလျမှ ကီးဝဲလ်နှင့် ဗီဒူကာတို့ဆိုသည်မှာ ပရီမီယာရှစ်၌ ကျင်လည်သူများ ဖြစ်ကြသည်။

ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့၏ ပွဲစဉ်တွင် ဘရာဇီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့သူ ကာကာ(ဝဲ)၏ ထိုးဖောက် ကစားမှုအား ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

ခရိုအေးရှားကို အနိုင်ရခဲ့သော ပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို ကာကာကသွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံး ဆုကိုလည်း ကာကာ(အေစီမီလန်)က ရရှိခဲ့သည်။ ဆရာကြီး ရော်နယ်ဒို ဂိုးသွင်းနိုင်ခြင်း မရှိသည့်အပြင် ကွင်းထဲ၌ လမ်းလျှောက်နေ၍ ရော်ဘင်ဟိုနှင့် လူစားလဲရသည်။ ဘရာဇီးနည်းပြ ပါရဲရားက ကိုယ်အလေးချိန်တက်ပြီး ခြေစွမ်းမပြနိုင်သော ရော်နယ်ဒို(ရီးရဲမက်ဒရစ်)ကိုအားကိုးနေဆဲဖြစ်သည်။ ရော်နယ်ဒိုသည် ကိုယ်အလေးချိန် တက်နေရုံ သာမက ၁၉၉၈ ကမ္ဘာ့ဖလားပွဲက ဝေဒနာမျိုး ခံစားနေရသည်။ ရော်နယ်ဒို မူးဝေပြီး ခေါင်းကိုက်နေကြောင်း၊ သို့သော် ပုံမှန်မဟုတ်သည့် အရာများ မတွေ့ရှိရကြောင်း ဘရာဇီးအသင်းက တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။ သို့သော်လည်း နောက်ဆုံး ကြားသိရသော သတင်းများအရရော်နယ်ဒိုသည် ခေါင်းကိုက်မူးဝေသောဝေဒနာမှ ပျောက်ကင်းသက်သာလာပြီဖြစ်၍ အသင်းနှင့်အတူ လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။ ဘရာဇီးနည်းပြ ပါရဲရားကမူ ဘရာဇီးမီဒီယာများက မည်သို့ပင် ဝေဖန်နေစေကာမူ ရော်နယ်ဒိုကို ပထမ ၁၁ယောက်စာရင်း၌ ထည့်သွင်းမည်ဟု အာမခံပြောကြား နေသည်။

ဩစတြေးလျ

ဩစတြေးလျအသင်းသည် ကမ္ဘာ့ဖလားစင်မြင့်ထက်သို့ ပထမဆုံး တက်ရောက်လာသည့် အကြိမ်မှာပင် ပွဲဦးထွက်အနိုင်ရရှိသည့် မှတ်တမ်းဝင်သွားသည်။ မကြာသေးမီက အာရှဘောလုံးအဖွဲ့ချုပ်ဝင် နိုင်ငံဖြစ်လာသော ဩစတြေးလျအသင်းသည် ဘရာဇီးအသင်းကို ခြေရည်တူယှဉ်နိုင်မည်မဟုတ်ပေ။ ဩစတြေးလျအသင်းနည်းပြ ဟစ်ဒင့်သည် ထိုအချက်ကို အခိုင်အမာလက်ခံထားပုံရသည်။ ဘရာဇီးနှင့်ကစားမည့်ပွဲ၌ ဩစတြေးလျအသင်းမှ အမာခံကစားသမားများကို အနားပေးထားမည်ဟုပြောကြားထားသည်။ ယခုကဲ့သို့ အနားပေးရခြင်းမှာ ခရိုအေးရှားအသင်းနှင့် အုပ်စုနောက်ဆုံး အဆုံးအဖြတ်ပွဲစဉ်ကစားရန်အတွက် အားမွေးထားခြင်းဖြစ်သည်။ ဘရာဇီးနှင့်ပွဲတွင် အမာခံကစားသမားများ ထိခိုက်ဒဏ်ရာရသွားခြင်း၊ အဝါ၊ အနီထိသွားခြင်းမျိုးမဖြစ်အောင် ရှောင်ရှားခြင်းလည်းဖြစ်သည်။ နည်းပြ ဟစ်ဒင့်၏ Match Planမှာ လက်တွေ့ကျသည်ဟုထင်မိသည်။ ဘရာဇီးနှင့်ပွဲတွင် အားပြည့်မသုံးဘဲ ခရိုအေးရှားနှင့်ပွဲကိုသာ အဓိကအာရုံစိုက်သည်မှာ မှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်သည်။

ဩစတြေးလျအသင်းက ဂျပန်အသင်းကို ပွဲပြီးခါနီး မိနစ်များ၌ သုံးဂိုး ဆက်တိုက်သွင်းယူခဲ့ခြင်းမှာ ကံကြမ္မာ၏ မျက်နှာသာပေးမှုကြောင့် မဟုတ်ဘဲ ထိုက်ထိုက်တန်တန်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဂျပန်အသင်းရသွားသည့်ဂိုးမှာ မဖြစ်သင့်ကြောင်း၊ အချိန်တန်လျှင် မိမိတို့ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်မည်ဟု ယုံကြည်နေခဲ့ကြောင်း ဩစတြေးလျအသင်းနည်းပြဟစ်ဒင့်က ပြောကြားခဲ့သည်။ ဩစတြေးလျနှင့် ဂျပန်ပွဲတွင် နာကာမူရာသွင်းယူခဲ့သောဂိုးမှာ ဂိုးသမားကိုတွန်းသလို ဖြစ်ခဲ့၍ ပြစ်ဒဏ်ဘောပေးသင့်သော အနေအထားဖြစ်သည်။ ဘရာဇီးနှင့် ဩစတြေးလျတို့ ယခင်က ငါးကြိမ် ဆုံတွေ့ခဲ့ရာ ဘရာဇီးက သုံးပွဲနိုင်၊ ဩစတြေးလျက တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့သည်။

ရိုးရာဆမ်ဘာ

ဘရာဇီး၏ လက်ရှိကမ္ဘာ့အဆင့်က (၁)၊ ဩစတြေးလျ၏ လက်ရှိကမ္ဘာ့အဆင့်က (၄၂)ဖြစ်သည်။ ၂၀၀၁ခုနှစ် ကွန်ဖက်ဒရေးရှင်း ဖလားပွဲတွင် ဩစတြေးလျက ဘရာဇီးကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့သည်ကို ဘရာဇီးတို့ မေ့ဦးမည်မဟုတ်ပေ။ ဩစတြေးလျအသင်းသည် ခြေစစ်ပွဲနောက်ဆုံးအဆင့်၌ တောင်အမေရိကတိုက်မှ ဥရုဂွေးအသင်းနှင့် Play-Offကစားပြီး အနိုင်ရရှိ၍ ခြေစစ်ပွဲအောင်မြင်လာခြင်းဖြစ်သည်။ ဘရာဇီးက ခြေစစ်ပွဲစဉ်၌ ဥရုဂွေးကို အိမ်ကွင်း၌လေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အဝေးကွင်း၌ တစ်ဂိုးစီသရေကျခဲ့သည်။ ဘရာဇီးအသင်း၏ ဘောလုံးကစားဟန်ကို ဘရာဇီးနိုင်ငံမှ ရိုးရာဆမ်ဘာအကနှင့် တင်စားလေ့ရှိသည်။ ဘရာဇီးဘောလုံးသမားများ၏ ပဉ္စလက်ဆန်သော ဘောလုံးကျွမ်းကျင်မှုနှင့် အသင်းလိုက်ညက်ညောသော ကစားဟန်ကို ဆမ်ဘာကချေသည်များနှင့် ခိုင်းနှိုင်းခြင်းဖြစ်သည်။ သို့ဖြစ်ရာ ယခုပွဲတွင် ဘရာဇီးအသင်းက ဩစတြေးလျအသင်းကို ဆမ်ဘာအကနှင့် ညှော့ခံပြီး ဂိုးပြတ်အနိုင်ယူသွားမည်ဟု ထင်မိသည်။

ပြင်သစ်နှင့်တောင်ကိုရီးယား

ဇွန်၁၉ရက်(**မနက်ဖြန်**)မြန်မာစံတော်ချိန် နံနက်၁နာရီခွဲတွင် လိုက်ပ်ဇစ်မြို့ရှိ Zentral stadion အားကစားကွင်း၌ ပြင်သစ်အသင်းနှင့်တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲဦးထွက်သရေကျထားသော ပြင်သစ်အသင်းနှင့်ပွဲဦးထွက်အနိုင်ရထားသော တောင်ကိုရီးယားအသင်းတို့၏ပွဲစဉ်မှာ ကျွမ်းကျင်မှုနှင့် ခွန်အား အားပြိုင်မည့်ပွဲကောင်းတစ်ပွဲဖြစ်သည်။ ထူးခြားချက်မှာ နှစ်သင်းစလုံး အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ်များတွင် အောင်မြင်မှုမြင့်မြင့်မားမား ရရှိခဲ့ခြင်းပင်ဖြစ်သည်။ ၁၉၉၈ ကမ္ဘာ့ဖလားပွဲကို ပြင်သစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ဗိုလ်စွဲခဲ့သည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲကို တောင်ကိုရီးယားက ဂျပန်နှင့်ပူးတွဲ၍ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ စတုတ္ထရရှိခဲ့သည်။

ပြင်သစ်အသင်းသည် ပွဲဦးထွက်၌ ဆွစ်ဇာလန်အသင်းနှင့် ဂိုးမရှိသရေကျခဲ့သည်။ ပြင်သစ်နှင့်ဆွစ်ဇာလန်တို့သည် ခြေစစ်ပွဲစဉ်များ၌လည်း အဝေးကွင်းရော အိမ်ကွင်းပါသရေကျခဲ့သည်။ ပြင်သစ်အသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဆီနီဂေါလို အသင်းငယ်လေးကိုပင်ရှုံးကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စုပွဲစဉ်သုံးပွဲစလုံးတွင် ပြင်သစ်အသင်းတစ်ဂိုးမျှ သွင်းယူနိုင်ခဲ့ခြင်းမရှိပေ။ ယူရို ၂၀၀၄ ကွာတားဖိုင်နယ်တွင်လည်း ဂရိအသင်းကို ဂိုးမသွင်းနိုင်၍ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဂိုးမိုးခေါင်ခဲ့သော ပြင်သစ်အသင်းသည် ယခုပြိုင်ပွဲ၌လည်း ဂိုးဈေးဦးမပေါက်သေးဘဲ ဖြစ်နေသည်။ ၂၀၀၂ကမ္ဘာ့ဖလားပွဲသည် ပြင်သစ်အသင်းအတွက် အိပ်မက်ဆိုးတစ်ခုပမာဖြစ်ခဲ့ရာ ယခုပွဲ အနိုင်ရရှိမှသာ အိပ်မက်ဆိုးမှ နိုးထနိုင်မည်ဖြစ်သည်။

တောင်ကိုရီးယား

တောင်ကိုရီးယားအသင်းသည် ပွဲဦးထွက်၌ တိုဂိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ တိုဂိုအသင်းက ပထမပိုင်း၌ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်း၌ တောင်ကိုရီးယားအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးသွင်းယူပြီး သုံးမှတ်ရရှိခဲ့ခြင်းဖြစ်သည်။ တိုဂိုအသင်းမှ အားကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခြင်း ခံရသည်မှာလည်း တောင်ကိုရီးယားအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့သည်။ တောင်ကိုရီးယားအတွက် ချေပဂိုးကို ၅၃မိနစ်၌ လီချန်ဆူးက အလွတ် တည်ကန်ဘောမှ တစ်ဆင့် သွင်းယူခဲ့သည်။ ဒုတိယဂိုး(အနိုင်ဂိုး)ကို ကင်ဂျင်ကျူအစား လူစားဝင်သည့် အင်ဂျန်းဟွမ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားအသင်းသည် ဥရောပမြေပေါ်၌ ကစားသည့် ကမ္ဘာ့ဖလားပွဲတွင် ပထမဆုံး နိုင်ပွဲရရှိခဲ့ရာ အုပ်စု(ဆ)၌ ဖျက်မြင်းအဆင့်သာမကဘဲ အုပ်စုကို ကျော်ဖြတ်နိုင်သည့် အနေအထားဖြစ်သည်။

ပြင်သစ်အသင်းမှ ဘောလုံးသမားများသည် ကလပ်အသင်းများ၌ ခြေစွမ်းပြ ကစားနိုင်သလောက် နိုင်ငံ့လက်ရွေးစင်အသင်းတွင် အားရစရာ မကောင်းလှပေ။ ပြင်သစ်အသင်းတွင် နာမည်ကြီး ဘောလုံးသမားများချည်း ပါဝင်နေရာ ငါးသိုင်းများ ဟင်းဟုန်ဖြစ်နေသည်။ နည်းပြဆရာ ဒိုမီနစ်ချ်၏နည်းဗျူဟာ မဟန်လျှင် ၂၀၀၂ ကမ္ဘာ့ဖလားပွဲကလို အုပ်စုမှလှည့်ပြန်သွားရနိုင်သည်။ အာဆင်နယ်အသင်း၌ ဂိုးသွင်းသေချာလှသောအွန်နရီကလည်း ဆွစ်ဇာလန်နှင့်ပွဲတွင် ဂိုးသမားဗိုက်ထဲချည်း ကန်ထည့်နေသည်။ ပြင်သစ်အသင်း ခေါင်းဆောင် ဇီဒန်း ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း အလယ်တန်းလူ မက်ခီလီလီက ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိခဲ့သည်။ တိုက်စစ်မှူး အွန်နရီက ဆာဟာ(မန်ယူ)နှင့် တွဲကစားရသည်မှာ ပို၍ ကောင်းကြောင်းပြောခဲ့ရာ ဂျူဗင်တပ်မှ ထရက်ဇီဂေးကွင်းဘေး၌ သွေးပူလေ့ကျင့်ခန်းလုပ်ရင်း မချိတင်ကဲ ဖြစ်နေခဲ့သည်။

စိတ်ပျက်စရာကောင်း

ပြင်သစ်အသင်းနည်းပြ ဒိုမီနစ်သည် ပြင်သစ်အသင်း၏လျှို့ဝှက်သတင်းများ ပြင်ပသို့ပေါက်ကြားမှုအပေါ် ပြင်သစ်မီဒီယာများကို စိတ်ဆိုးဒေါသထွက်နေသည်။ ဆွစ်ဇာလန်နှင့်ပွဲတွင် ရီဘာရီနှင့် ဝီးလ်တော့ဒ်တို့ကို ပထမတာထွက်အသင်း၌ ထည့်သွင်းမည့်သတင်းများ ကြိုတင်ထွက်ပေါ်ခဲ့ခြင်းနှင့် ပတ်သက်၍ နည်းပြဒိုမီနစ်ပေါက်ကွဲနေခြင်းဖြစ်သည်။ ဆွစ်ဇာလန်ဘက်မှ မထောက်လှမ်းဘဲ ပြင်သစ်မီဒီယာများက ကိုယ့်အသင်းအကြောင်းကို ပြန်ထောက်လှမ်းပြီး ရေးသားနေခြင်းမှာ စိတ်ပျက်စရာကောင်းကြောင်း ပြောကြားခဲ့သည်။ ဆွစ်ဇာလန်ကို သရေကျသည်မှာ အဆိုပါ သတင်းပေါက်ကြားမှုနှင့် တိုက်ရိုက် သက်ဆိုင်လိမ့်မည်ဟု မထင်ပေ။ နည်းပြဒိုမီနစ်၏ နည်းဗျူဟာမပြောင်းနိုင်မှုနှင့် တိုက်စစ်မှူးများ ဂိုးသွင်းညံ့၍သာဖြစ်ပါသည်။ တောင်ကိုရီးယားနှင့် ပြင်သစ်တို့ ယခင်က နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ ပြင်သစ်က နှစ်ကြိမ်စလုံးအနိုင်ရရှိခဲ့သည်။ ပြင်သစ်၏ လက်ရှိကမ္ဘာ့အဆင့်က(၈)၊ တောင်ကိုရီးယား၏ လက်ရှိကမ္ဘာ့အဆင့်က(၂၉)ဖြစ်သည်။ အာရှသား တောင်ကိုရီးယားတို့၏ ခြေစွမ်းကို အထင်ကြီးသော်လည်း အပြောင်ပြင်သစ်တို့သာလျှင် နိုင်ပွဲရသွားမည်ဟု ယုံကြည်နေမိပါကြောင်း ပွဲကြိုအဖြစ် သုံးသပ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ - ကိုထွေး

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား | ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

အာဂျင်တီးနားနှင့်နယ်သာလန်တို့ အုပ်စုမှတက်ပြီ အင်ဂိုလာဂိုးသမားအစွမ်းပြနေ၍ မက္ကဆီကိုဂိုးမရ

တင်ပြသူ
မြင့်မောင်စိုး

ဘာလင် ဇွန် ၁၇

ကမ္ဘာ့ဖလားအုပ်စု ဒုတိယပွဲစဉ်များကို ဇွန် ၁၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(ဂ)မှ အာဂျင်တီးနားအသင်းက ဆားဘီးယားအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ယင်းအုပ်စုမှ နယ်သာလန်အသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အသီးသီး အနိုင်ရပြီး ဒုတိယမြောက် အနိုင်ရမှုအောင်ပွဲကို ခံနိုင်ခဲ့ကြသည်။

သို့ရာတွင် အုပ်စု(ဃ)မှ မက္ကဆီကိုအသင်းနှင့် အင်ဂိုလာအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိသရေပွဲဖြစ်သွားခဲ့ရသည်။

ည ၇ နာရီခွဲပွဲ အဖြစ် အာဂျင်တီးနားအသင်းနှင့်ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပထမပိုင်း ခြောက်မိနစ်တွင် ရိုဒရီဂွက်စ်က ဆာဗီယိုလာဖြတ်ပို့သော ဘောလုံးမှ ဖွင့်ဆော်ဦးဂိုးသွင်းယူလိုက်သည်။ ပွဲချိန် ၄ မိနစ်တွင် ၎င်းကပင် တတိယမြောက်ဂိုးသွင်းယူခဲ့သည်။ အာဂျင်တီးနားအသင်းအတွက် ဒုတိယမြောက်ဂိုးကို ကမ်ဘီယာဆိုက သွင်းယူခဲ့သည်။ ပွဲချိန် ၆၅ မိနစ်တွင် ဆားဘီးယားကစားသမားကက်ဇ်မန်းအနီကတ်ထိပြီး ပြိုင်ပွဲမှ ထွက်သွားရသည်။

အာဂျင်တီးနားတို့ ပထမပိုင်းတွင် သုံးဂိုးသွင်းထားပြီဖြစ်၍ ကစားကွက်လှလှပပဖန်တီး၍ ဆားဘီးယားအသင်းကို ထပ်မံဂိုးသွင်းရန် ကြိုးစားလာပြန်သည်။ အာဂျင်တီးနားအသင်းသည် ဘောလုံးအပေးအယူ၊ အဆုတ်၊ အထိုး၊ လျင်မြန်ဖျတ်လတ်မှုစသော ဘောလုံးရသပြောင်မြောက်စွာဖြင့် ဆားဘီးယား အသင်းကို ဂိုးများများ သွင်းယူခဲ့သည်။ ပွဲချိန် ၇၈ မိနစ်တွင် ခရက်စပိုက လူစားဝင်လာသူ မက်စီဘယ်တောင်ပံ မှ ချိုးပေးလိုက်သော ဘောလုံးကို လျှပ်တစ်ပြက် ပြေးပြေးလွှားလွှား သွင်းယူလိုက်သည်။

အာဂျင်တီးနားအသင်း အတွက် ပဉ္စမမြောက်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ခရက်စပိုက ဆားဘီးယားဂိုးရှေ့တွင် ရှုပ်ထွေးနေစဉ် ဘောလုံးကိုနောက်သို့ ခြေထောက်ဖြင့် ခတ်ထုတ်ပေးလိုက်ရာ ကားလို့စ်တီဗက်ဇ်က သွင်းယူလိုက်သည်။

အာဂျင်တီးနားအသင်း၏ ကစားကွက်များကြောင့် ဘောလုံးပရိသတ်များ အာရုံစိုက်နေရာ ပွဲပြီးရန် နှစ်မိနစ်အလိုတွင် တီဗက်ဇ်က အပြေးအလွှားဘောလုံးကို သယ်ယူသွားပြီး ဆားဘီးယားဂိုးရှေ့သို့ အနေတော်ထိုးပေးလိုက်ရာ အရှိန်ဖြင့်ပြေးဝင်လာသော မက်ဆီက သွင်းယူလိုက်ပြန်သည်။ ၎င်းသည် အသက် ၁၈ နှစ်နှင့် ၃၅၇ ရက်ရှိပြီး ကမ္ဘာ့ဖလားတွင် အငယ်ဆုံးအားကစားသမားဖြစ်သည်။ အကောင်းဆုံး အားကစားသမားဆုကို အာဂျင်တီးနားအသင်းမှ ရီကွယ်မီးက ဆွတ်ခူးရရှိခဲ့သည်။

အာဂျင်တီးနားအသင်းသည်ပထမအဖွင့်ပွဲတွင် အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီးဖြစ်၍ ဒုတိယဆင့် ၁၆ သင်း အုပ်စုတက်ရန် သေချာသွားသည်။

ည ၁၀ နာရီခွဲပွဲ အဖြစ် အာဂျင်တီးနားအုပ်စုဖြစ်သည့် အုပ်စု(ဂ)မှ နယ်သာလန်အသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြန်သည်။ နယ်သာလန်အသင်းသည် ပထမဖွင့်ပွဲတွင် ဆားဘီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားခဲ့သည်။

နယ်သာလန်အသင်းသည်အိုင်ဗရီကို့စ်အသင်းကို ခက်ခက်ခဲခဲကစားခဲ့ရသည်။ အိုင်ဗရီကို့စ်က ဂိုးသွင်းခွင့်များစွာ ဖန်တီးပေးနိုင်ခဲ့သည်။ သို့ရာတွင် နယ်သာလန်အသင်းသည်အတွေ့အကြုံရင့်ကျက်သည့် ချယ်လ်ဆီးမှ ရော်ဘင်၊ မန်ယူမှ နစ္စတယ်ရွိုင်းနှင့် အာဆင်နယ်မှဗင်ပါစီ တို့အတွဲကြောင့် ပွဲချိန် ၂၃ မိနစ်တွင် ဗင်ပါစီက

ကမ္ဘာ့ဖလား သတင်းဂယက်

အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဖွင့်ဆော်ဦးဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းနောက် လေးမိနစ်အကြာတွင်နစ္စတယ်ရွိုင်းက သွင်းယူခဲ့ပြန်သည်။

၁၂ မိနစ်အကြာတွင် အိုင်ဗရီကို့စ်တို့ တိုက်စစ်ခပ်ကြမ်းကြမ်း ကစားလာရာ အာဆင်နယ်ရောက် အီဘော့က နယ်သာလန် ဂိုးဧရိယာအတွင်း ဂိုးသွင်းယူရန် ဆွဲပြေးလာချိန်တွင် နယ်သာလန် ကွင်းလယ်ကစားသမား ဘရွန်ဟော့စ်က ဆွဲချလှဲလိုက်သည်။ ၎င်းကို ပယ်နယ်တီပြစ်ဒဏ်ဘောပေးရမည်ဖြစ်သော်လည်း ကိုလံဘီယာ ဒိုင်လူကြီး အော်စကာကွတ်ဇ်က လျစ်လျူရှုခဲ့၍ အိုင်ဗရီကို့စ်တို့ နစ်နာသွားခဲ့ရသည်။

ပွဲချိန် ၃၈ မိနစ်တွင် အိုင်ဗရီကို့စ် တိုက်စစ်မှူးဘာကာရီကုန်းက နယ်သာလန်နောက်ခံလူနှစ်ဦးကို ကျော်ဖြတ်၍ ချေပဂိုးသွင်းယူခဲ့ရာ ဂိုးသမား ဗန်ဒါဆာခေါင်းပေါ်မှ ကပ်၍ဂိုးဝင်သွားခဲ့သည်။ ယင်းပြိုင်ပွဲ အကောင်းဆုံးဆုကို အာဂျန်ရော်ဘင်က ဆွတ်ခူးနိုင်ခဲ့သည်။

နယ်သာလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့သည် ဇွန် ၂၁ရက်တွင် အုပ်စုပထမနေရာ လုကြမည်ဖြစ်သည်။

နံနက် ၁ နာရီခွဲပွဲအဖြစ် အုပ်စု(ဃ)မှ မက္ကဆီကိုအသင်းနှင့် အင်ဂိုလာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်ဂိုလာက ဂိုးမရှိသရေကစားပြီးမက္ကဆီကိုအသင်းထံမှ တစ်မှတ်ခွဲဝေယူသွားသည်။ မက္ကဆီကိုက အီရန်ကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရထားသည်။

မက္ကဆီကိုအသင်းသည်အင်ဂိုလာအသင်းကို ပွဲပြီးရန် ၁၁ မိနစ်အလိုတွင် အင်ဂိုလာအသင်းမှ တစ်ယောက်အထုတ်ခံရသော်လည်း အနိုင်ဂိုးမသွင်းနိုင်ခဲ့ပေ။ မက္ကဆီကိုတို့ ဂိုးသွင်းခွင့်များစွာရခဲ့သော်လည်း အဆုံးသတ်ဂိုးမပိုင်၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အင်ဂိုလာဂိုးသမားရီကာဒိုအကောင်းဆုံး ကာကွယ်ပေးနိုင်ခဲ့မှုကြောင့် ပွဲစဉ်အလိုက်အကောင်းဆုံးဆုဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

အိုင်ဗရီကို့စ် တိုက်စစ်မှူး၏ ဂိုးသွင်းမှုကို ဗင်ပါစီဂိုးစည်းပေါ်မှ ရင်ဘတ်ဖြင့် ဟန့်တား ဖျက်ထုတ်ခဲ့စဉ်။ (ဓာတ်ပုံအင်တာနက်)

ဘာလင် ဇွန် ၁၇

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များမှ ဇွန် ၁၈ရက် **(ယနေ့)**ယှဉ်ပြိုင် ကစားကြမည့် ဘောလုံးအသင်းများ၏ နောက်ဆုံးသတင်းများကို စုစည်း ဖော်ပြလိုက်ပါသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

ခရိုအေးရှားအသင်းကို ခက်ခက်ခဲခဲကစားရမည်ဟု ဂျပန်နည်းပြ ဇစ်ကိုပြောကြား

ဇွန် ၁၈ရက်**(ယနေ့)** ကစားရမည့် ခရိုအေးရှားနှင့်ပွဲသည် ပွဲကျပ်တစ်ခုဖြစ်ကြောင်း၊ ခက်ခက်ခဲခဲကစားရမည်ဖြစ်ကြောင်း၊ ခရိုအေးရှားတိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားရန် အသင့်ဖြစ်နေပြီဟု ဂျပန်နည်းပြဇစ်ကိုက ပြောကြားလိုက်သည်။

ဂျပန်အသင်း ယနေ့ပွဲ အနိုင်ကစားမှသာ အုပ်စုတက်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ပြီး ရှုံးလျှင် အုပ်စုထွက်ရမည်ဖြစ်သည်။ သို့သော် ဂျပန် ဘောလုံးသမားများ၏ စိတ်ဓာတ်သည် အမြင့်ဆုံးအနေအထားတွင်ရှိကြောင်း ဇစ်ကိုက ပြောကြားသည်။

ဂျပန်အသင်းကို အနိုင်ကစားမည်ဟု ခရိုအေးရှားနည်းပြပြောကြား

ခရိုအေးရှားအသင်း ယနေ့ပွဲတွင် ဂျပန်အသင်းကို အနိုင်ကစားမည်ဖြစ် ကြောင်း ခရိုအေးရှားနည်းပြ ဇလက်ကို ကရန်ဂျာက တုံ့ပြန်ပြောကြားလိုက်သည်။

ပထမအဖွင့်ပွဲစဉ်၌ ဘရာဇီးကို မိမိတို့ ရှုံးခဲ့သည်မှာ ရရှိသည့်အခွင့်အရေးကို အသုံးမချနိုင်၍ဖြစ်ကြောင်း၊ ယနေ့ကစားမည့် ဂျပန်နှင့်ပွဲတွင် မိမိတို့ အမှားအယွင်းနည်းအောင် ကစားပြီး အနိုင်ယူသွားမည်ဖြစ်ကြောင်း ကရန်ဂျာက ပြောကြားသည်။

ဘရာဇီးကိုအနိုင်ကစားမည်ဟု ဗီဒူကာပြောကြား

ဇွန် ၁၈ရက်**(ယနေ့)**တွင် ကစားမည့် ဘရာဇီးနှင့်ပွဲအတွက် မိမိတို့အားလုံး ပြင်ဆင်ပြီးဖြစ်ကြောင်း၊ ဘရာဇီးအသင်း၏ အားနည်းချက်ကို မိမိသိကြောင်း၊ ခရိုအေးရှားနှင့်ပွဲကို မိမိတို့ သေသေချာချာ လေ့လာထားကြောင်း ဩစတြေးလျတိုက်စစ်မှူး ဗီဒူကာက ပြောကြားလိုက်သည်။

ယနေ့ပွဲတွင် ကွင်းလယ်ကစားသမား ဆီရက်အီမာတန်နှင့် ကီးဝဲလ်တို့လည်း ပါဝင်ကစားမည်ဖြစ်ရာ ဘရာဇီး၏ လက်ရှိခြေစွမ်းကို ဗီဒူကာက စိန်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။ လီဗာပူးနှင့် ဩစတြေးလျ ကွင်းလယ်ကစားသမား ကီးဝဲလ်ကလည်း ဘရာဇီးဘက်သို့ ဂိုးသွင်းယူရန် စိတ်အား ထက်သန်နေကြောင်းသိရသည်။

ဂျပန်နည်းပြ ဇစ်ကို။

ရော်နယ်ဒိုပါဝင်ကစားရန် ဘရာဇီးနည်းပြစီစဉ်

ပြီးခဲ့သည့် ခရိုအေးရှားနှင့်ပွဲတွင် ခြေစွမ်းမပြနိုင်ခဲ့မှုကြောင့် ပြစ်တင်ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသော ဘရာဇီးတိုက်စစ်မှူးရော်နယ်ဒိုအား ဇွန်၁၈ရက်**(ယနေ့)**ဩစတြေးလျနှင့်ပွဲတွင်ထည့်သွင်းကစားမည်ဖြစ်ကြောင်း ဘရာဇီးနည်းပြကာလို့စ် အယ်ဘာတိုပရဲရားက ပြောကြားလိုက်သည်။

ရော်နယ်ဒို၏ ခြေထောက်တွင် အနာများဖြစ်နေမှုကို ဇွန်၁၄ရက်က ဆေးစစ်ရာတွင် အားလုံးကောင်းမွန်ကြောင်း အဖြေထွက်ခဲ့သဖြင့် ပွဲကစားရန်အဆင်သင့်ဖြစ်နေကြောင်း သိရသည်။ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ရော်နယ်ဒိုခြေစွမ်းကျဆင်းနေမှုနှင့် ကိုယ်အလေးချိန်များနေမှုတို့ကြောင့် ဩစတြေးလျနှင့်ပွဲတွင် ထည့်သွင်းမကစားရန် အကြံပြုထားသည်။

တောင်ကိုရီးယားကို လျှော့မတွက်ရန် ပြင်သစ်နည်းပြသတိပေး

ဇွန် ၁၇ ရက်**(ယနေ့)**ကစားမည့် တောင်ကိုရီးယားနှင့်ပွဲကို လျှော့တွက်ကစားလျှင် အရှုံးနှင့်ရင်ဆိုင်သွားရမည်ဟု ပြင်သစ်ကစားသမားများအား နည်းပြ ရေမွန်ဒိုမီနစ်ချ်က သတိပေးလိုက်သည်။

စည်းလုံးမှုမရှိလျှင် ပြိုင်ပွဲရလဒ်ကောင်း ထွက်မည်မဟုတ်ကြောင်း၊ ပြိုင်ပွဲတိုင်း ညီညီညွတ်ညွတ်အားထည့်ကစားမှသာ အနိုင်ရနိုင်ကြောင်း ပြင်သစ်နည်းပြကသူ့အသင်းသားများအား ပြောကြားလိုက်သည်။ ပြင်သစ်အသင်း၌ ကစားသမားများအကြား စိတ်ဝမ်းကွဲပြားမှုများ ရှိနေကြောင်း သိရသည်။

ပြင်သစ်အသင်းကိုအနိုင်ယူမည်ဟု တောင်ကိုရီးယား နည်းပြပြောကြား

ယနေ့ကစားမည့် ပြင်သစ်နှင့်ပွဲတွင် ပြင်သစ်အသင်း၏ စည်းလုံးညီညွတ်မှု အားနည်းနေခြင်းမှာ မိမိတို့အသင်း အနိုင်ပွဲရအောင် ဖြစ်ပေါ်စေမည်ဟု တောင်ကိုရီးယား နည်းပြ အက်ဗိုကတ်က ပြောကြားလိုက်သည်။

ခရိုအေးရှားနည်းပြ ကရန်ဂျာ။

ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်။

ရီကွယ်မီး၊ ရော်ဘင်နှင့် ရီကာဒိုတို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိ

ဇွန် ၁၆ရက်က ကစားခဲ့သော အာဂျင်တီးနားနှင့် ဆားဘီးယားတို့ပွဲတွင် ရီကွယ်မီး၊ နယ်သာလန်နှင့် အိုင်ဗရီကို့စ် ပွဲစဉ်၌ အာဂျန်ရော်ဘင်နှင့် မက္ကဆီကိုနှင့် အင်ဂိုလာတို့ပွဲတွင် အင်ဂိုလာဂိုးသမား ဂျိုအိုရီကာဒိုတို့ ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုများရရှိခဲ့သည်။

* **နယ်သာလန်အသင်းပိုကောင်း၍ အနိုင်ရခြင်းဖြစ်ကြောင်း အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒရော့ဘာ ဝန်ခံ။**
* **ယခုကမ္ဘာ့ဖလားပွဲပြီးလျှင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဟု ဇီဒန်းပြောကြား။**
* **ဂျာမနီနှင့်ပိုလန်ပွဲ၌ အားကစားရုံပြင်ပတွင် ခိုက်ရန်ဖြစ်ပွားသော ပရိသတ် ၄၀၀ခန့်တို့အား ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့။ ။** (အင်တာနက်)

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၁၇

အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘိလိယက်၊ ကာရာတေးဒိုနှင့် ဘော်လီဘောလေ့ကျင့်ရေးရုံများတွင် ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ စနူကာပြိုင်ပွဲတွင် ပထမ နေသွေးဦး(မထသ)၊ ဒုတိယ အောင်ဌေး(လယ်ယာ/ဆည်မြောင်း)၊ ဘိလိယက်ပြိုင်ပွဲတွင် ပထမ နေသွေးဦး(မထသ)၊ ဒုတိယ အောင်ဆန်းဦး(ရန်ကုန်မြို့တော်စည်ပင်)တို့ ရရှိကြသည်။ နေသွေးဦးသည် စနူကာနှင့်ဘိလိယက် ပြိုင်ပွဲနှစ်ရပ်တွင် ပထမဆု ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။ သူသည် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ စနူကာလက်ရွေးစင်တစ်ဦး ဖြစ်သည်။ ဆုများကို မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့် (FMI) နှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်သည်။

သူတို့ဆုရရှိ

အိုလံပစ်နေ့ အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်းရှိ ကာရာတေးဒို လေ့ကျင့်ရေးရုံတွင် ကျင်းပရာ အမျိုးသား (အလွတ်တန်း) ခတပြိုင်ပွဲတွင် ပထမ ကျော်ကျော်ဟန်(အောင်ဆန်း)၊ ဒုတိယ ကျော်ကျော်ထွန်း(သစ်တော)၊ ပူးတွဲ တတိယ သက်ထွဋ်ဦး(အောင်ဆန်း) နှင့် အောင်ခန့်(အောင်ဆန်း)၊ အမျိုးသား(အလွတ်တန်း) ကုမိတဲ့ပြိုင်ပွဲတွင် ပထမ တင်လှိုင် (ရှမ်း ပြည်နယ် အရှေ့ပိုင်း)၊ ဒုတိယ သက်နိုင်ထွန်း (တပ်မတော်ကိုယ်ခံပညာကျောင်း)၊ ပူးတွဲ တတိယ ရူပ မင်းထွန်း (အောင်ဆန်း) နှင့် စိုးမောင်မောင် (တပ်မတော်ကိုယ်ခံပညာကျောင်း) တို့ရရှိကြသည်။

ဆုများကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

အိုလံပစ်နေ့ အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲကို ဘော်လီဘော လေ့ကျင့်ရေးရုံတွင် ကျင်းပရာ ပဏာမ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း က လူငယ်အမျိုးသား လက်ရွေးစင် အသင်းကို သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသိန်းဝင်း (အေးရှားဝေါလ် ကုမ္ပဏီလီမိတက်) က ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**



အိုလံပစ်နေ့ အထိမ်းအမှတ် ကရာတေးဒိုပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ကရာတေးဒိုလေ့ကျင့်ရေးရုံတွင် ကျင်းပရာ ဆုရရှိသူများအား ဆုယူအပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အမှုဆောင်များနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

အိုလံပစ်နေ့အထိမ်းအမှတ် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ ဘော်လီဘော လေ့ကျင့်ရေးရုံတွင် ကျင်းပရာ ပဏာမလက်ရွေးစင် အမျိုးသားအသင်း၏ ရိုက်ချက်ကို လူငယ်လက်ရွေးစင် အသင်းမှ ပိတ်ဆို့ကာကွယ်စဉ်။

(မြန်မာ့အလင်း)

အိုလံပစ်နေ့ အထိမ်းအမှတ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲများကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ် လေ့ကျင့်ရေးရုံတွင် ကျင်းပရာ ဘိလိယက်ပြိုင်ပွဲ ပထမဆုရ နေသွေးဦး(မထသ) အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်က ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

အဘိဓမ္မာစာပြန်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၉) ကြိမ်မြောက် အဘိဓမ္မာ (အာဂမ+သဘာဝ) စာတော်ပြန်ပွဲကြီးကို ၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၄ ရက်မှ ၆ ရက်အထိ ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

စာတော်ပြန်ပွဲ ဝင်ရောက် ဖြေဆိုမည့် ရဟန်းရှင်လူ ပုဂ္ဂိုလ်များသည် ဝင်ခွင့်ပုံစံများကို ဆူးလေစေတီတော်ရင်ပြင်ရှိ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရုံးခန်းတွင် ဇူလိုင် ၁ ရက်မှစ၍ တောင်းခံရယူပြီး ၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (ဇူလိုင် ၃၁ ရက်) တနင်္လာနေ့မတိုင်မီ နောက်ဆုံးထား၍ ပြန်လည်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဝိုင်အမ်ဘီအေအသင်း အဘိဓမ္မာသင်တန်းဖွင့်ပွဲနှင့် ဝိုင်အမ်ဘီအေအသင်း နှစ်(၁၀၀)ပြည့် အခမ်းအနားတွင် ငွေအား လူအားနှင့် အားကြိုး မာန်တက် ဆောင်ရွက်ခဲ့သည့် အမှုဆောင်များ ဂုဏ်ပြုပွဲကို ဇွန် ၁၂ ရက်က ဝိုင်အမ်ဘီအေ အသင်းခန်းမ၌ပြုလုပ်ရာ ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌ ဦးဗိုလ်နီက အသင်းဘဏ္ဍာရေးမှူး ဦးစိန်လှအောင် (ထွန်းနေလင်းသစ်စက်)သို့ ဂုဏ်ပြုလွှာနှင့် လက်ဆောင်ပေးအပ်စဉ်။ (၃၅၂)

ဇွန် ၁၇ ရက်က ဆူးလေစေတီတော် ရွှေစင်ရွှေပြား ရွှေသင်္ကန်းတော်နှင့် အလှူတော်ငွေပေးအပ်ပွဲကို ဆူးလေစေတီတော် ကျက်သရေဆောင်ခန်းမ၌ ကျင်းပရာ သာကေတမြို့နယ် ၁ ရပ်ကွက် အနော်မာ ၁၅ လမ်း အနောက် အမှတ် ၆၆၉ နေ (ဦးတင်ထွန်း-ဒေါ်တင်ရွှေ)၊ (ဦးသိန်းတန်)-ဒေါ်အုန်းမြင့်၊ သား ကိုကျော်ဝင်း၊ သမီး မဝင်းမြင့်သိန်း၊ မြေး မနှင်းအိကျော်၊ မောင်အောင်သူဟိန်း မိသားစုက တနင်္ဂနွေထောင့်ရှိ သုတ္တန်လိုဏ်ဂူအထက် အရံစေတီကြီးတစ်ဆူ ရွှေသင်္ကန်းကပ်လှူရန် အလှူတော်ငွေ ကျပ် ၁၈ သိန်းကို ဂေါပကအဖွဲ့ဝင် ဦးထွန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

502657, 221506

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး တစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဆရာမိုး Follow Me အင်္ဂလိပ်စာ

PREMIER COFFEE

Premier Coffee & World Cup

Wrold Cup 2006 ... Premier Pure Coffee 2 Plus 1 ... 2 Plus 1 ... (150 ml) ... 3 min ... Premier Coffee ... Mobile ... Vacuum Flask ... Shake ...

292098, 244614, 09 50 20573

KMD Computer Centre ကွန်ပျူတာအခြေခံသင်တန်း i-Office (Duration 60 Hours)

E-mail နှင့် Internet ... Digital Camera နှင့် Scanner ... Hardware Device ...

ဝိုင်းမော်မြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဝိုင်းမော် မေ ၃၀

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စန်းကားကျေးရွာအုပ်စုတွင် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲကို မေ၆ရက် နံနက်၈နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူအင်အား ၅၀၀ကျော်တို့ဖြင့် ခြံစည်းရိုး ကြက်ဆူပျိုးပင် ၁၂၀၀၀ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**



မော်ဘီမြို့ ဆပ်သွားတော–ညောင်နှစ်ပင်–ကြာကန်စုကတ္တရာလမ်းပေါ်ရှိ တံတားအမှတ် (၂/၁)ပြုပြင်ခြင်းလုပ်ငန်းကို ဇွန်၁၃ရက်က အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် လက်ထောက်အင်ဂျင်နီယာဦးစိုးသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပဋ္ဌာန်းအောင်ပွဲနှင့် စာအောင်ဆုနှင်းပွဲ တပ်ကုန်း၌ကျင်းပ

တပ်ကုန်း ဇွန် ၁

(၂၃)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဟောပြောပွဲနှင့် စာအောင်ဆုနှင်းပွဲကို ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ မြဝတီရပ်ကွက် ပဏ္ဍိတာရာမ စာသင်တိုက်တွင် မေ၁၀ရက် နံနက်၇နာရီက ကျင်းပရာ ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ငွေတောင်တောရ စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသီရိထံမှ ငါးပါးသီလခံယူကြပြီး မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမောင်ပုက သာသနာတော် ရေးရာများ လျှောက်ထားသည်။

ထို့နောက် ပဏ္ဍိတာရာမ စာသင်တိုက်ဆရာတော် ဦးပဏ္ဍိတာနန္ဒက စာအောင်သံဃာတော်များအား စာအောင်ဆုများချီးမြှင့်၍ ရေစက်ချ အနုမောဒနာတရား ချီးမြှင့်တော်မူသည်။ (၂၆၆)

ဂန့်ဂေါ၌ ယဉ်ကျေးမှုသင်တန်းဖွင့် ရည်ရွယ်ချက်နှင့်သင်တန်းစည်းကမ်းချက်များရှင်း

ဂန့်ဂေါ ဇွန် ၁

ဂန့်ဂေါခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့တို့က ကြီးမှူးကျင်းပသည့် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို မေ ၁၅ ရက်က ဂန့်ဂေါမြို့ သာသနာ့ဗိမာန်၌ကျင်းပရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်သီတာက အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်ကေသီနွယ်နှင့် ခရိုင်သာသနာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဌေးတို့က သင်တန်းဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်နှင့်သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မကွေးတိုင်းအမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင်ဒေါ်သီတာ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ကြူ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်တို့က ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စက်ချုပ်သင်တန်း (၁/၂၀၀၆) သင်တန်းသူများနှင့်အတူ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး ပတ်ဝန်းကျင်နေရာများ၌ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါးစုပေါင်း စိုက် ပျိုးပေးကြသည်။ (၂၇၃)

တောင်တွင်းကြီး မြို့ရိုးပတ်လမ်း တိုးချဲ့ကတ္တရာခင်း

တောင်တွင်းကြီး ဇွန် ၆

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ခြင်း၊ ကတ္တရာလမ်းများ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရွှေကြာအင်း(၂)ရပ်ကွက် မြို့ရိုးပတ်လမ်း ကတ္တရာလမ်း အရှည်ပေ၁၂၃၀ကို လမ်းဘေးဝဲယာတစ်ဘက်စီတွင် နှစ်ပေစီ တိုးချဲ့၍ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို မေ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကြီးတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ် စည်ပင်)**

ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့်ပျိုးပင်များပေးအပ်

ဘိုကလေး ဇွန် ၃

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ပျိုးကိုင်းနှင့်ပျိုးပင်ပေးအပ်ပွဲ အခမ်းအနားကို မေ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်တက်ရောက်အမှာစကားပြောကြားပြီး သက်ဆိုင်ရာစိုက်ပျိုးရေးစခန်း နယ်မြေအလိုက် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ ပျိုးကိုင်းနှင့် ပျိုးပင်များကို ပေးအပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်စိုက်ပျိုးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများကမျိုးစေ့၁၆၅ ပြည်၊ ပျိုးပင် ၂၈၇၅၅ပင်နှင့် ပျိုးကိုင်း ၁၁၀၀၀တို့ကို လက်ခံရယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက်မင်းလှမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံ ပညာသင်ထောက်ပံ့ကြေးငွေများ လှူဒါန်း

အထက်မင်းလှ ဇွန် ၂

၂၀၀၆–၂၀၀၇ခုပညာသင်နှစ်တွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက်က အထက်မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ မင်းလက်ဝါး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းအထက်မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်း တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်မြင့်ရီက ကျောင်းနေအရွယ်ရောက်သော ကလေးသူငယ်တိုင်း ကျောင်းအပ်နှံနိုင်ရေးအတွက်ရှင်းလင်းပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးငွေများကို အထက်မင်းလှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၀၀၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၅၀၀၀နှင့် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းက ငွေကျပ် ၅၀၀၀၀ တို့ကို တိုင်းအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက မြို့နယ်ပညာရေးမှူး ဒေါ်မြင့်ရီအား လည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးလှစိုးက သက်ဆိုင်ရာတို့အားလည်းကောင်း ပေးအပ် လှူဒါန်းကြသည်။ (၀၇၆)

မော်လမြိုင်ကျွန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်းများသို့ စာရေးခုံနှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်း

မော်လမြိုင်ကျွန်း ဇွန် ၁၂

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အခြေခံပညာမူလတန်းကျောင်းများအား စာရေးခုံနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲများကို ဇွန်၇ရက်က မော်လမြိုင်ကျွန်းမြို့ပေါ်ရှိ ချမ်းမြေ့သာယာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၊ ပစ္ဆိမာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် တုံးလှဲရပ် အခြေခံပညာ မူလတန်းကျောင်းတို့၌ ကျင်းပသည်။

လှူဒါန်း

ယင်းလှူဒါန်းပွဲတွင် ကျောင်း သုံးကျောင်းတို့အား စာရေးခုံ စုစုပေါင်း ၁၀စုံနှင့် ကျောင်းသုံး ဗလာစာအုပ် စုစုပေါင်းဒါဇင်၅၀တို့ကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် ကော်မတီဝင်များက ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၀၉၇)**

အမြို့မြို့အနယ်နယ်သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၉)ရက်
၁၉–၆–၂၀၀၆
(တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဃာတဝိနယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ရွှေဘိုခရိုင် ဆည်မြောင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ)
၁၁:၄၀	သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာ–သိပ္ပံမှူးတင်)
၁၂:၀၀	တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅	အားကစားသတင်းပဒေသာ
၁၂:၃၅	ကျန်းမာရေးရာပြန်ကြားလွှာ
၁၂:၄၅	သီချင်းကြီးပဒေသာ (၁) စိန္တေကိုးသွယ်ဂုဏ်(ပတ်ပျိုး)–ဒေါ်ကြည်ကြည်ဝင်း (၂) ကြိုညိုစံရာ(ယိုးဒယား)–ပန်းချီ–ကိုငွေအုန်း

ညနေပိုင်း

၁၆:၁၀	အနုပညာရှင်များနှင့် ဆွေးနွေးခန်း (သရုပ်ဆောင် ခန့်စည်သူ၊ မေကဗျာ)
၁၆:၄၅	**၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇:၄၀	မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပြက္ခဒိန်ပုစ္ဆာအဖြေရှာ–သိပ္ပံဒိုးကလေး)
၁၈:၄၅	အင်္ဂလိပ်စကားပြောကြမယ် Better English (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅	ဆိုင်းအဖွဲ့ (အဆို၊ အက၊ အရေး၊ အတီးဆုရ ရန်ကုန်တိုင်းမှ ထက်အောင်ပြည့်ဖြိုးနှင့် မန္တလေးတိုင်းမှ မောင်ခန့်ကျော်ဆိုင်းအဖွဲ့)
၂၀:၃၀	ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ချိန်းတဲ့သန်းခေါင်ယံ (၂) ဝေးပြီ (၃) စံပယ်ပွင့်ပြီမောင်

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇရပ်ကွင်းကျေးရွာလက်ခုပ်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို ဇွန်၁၁ရက်က အမှုဆောင်အရာရှိဦးသန်းအေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

18-6 (15).p65 1 1/20/32, 2:17 PM

ဖျာပုံ၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဖျာပုံ ဇွန် ၈

ဖျာပုံမြို့နယ် ဇင်းဘောင်ကုမ္ပဏီ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်က ဂျိုဝါထလွန်ကျေးရွာ ချောင်းဘေးတွင် ကျင်းပသည်။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်မျိုးမျိုးနှင့်အဖွဲ့ဝင်များ၊ ဇင်းဘောင်ကုမ္ပဏီဒါရိုက်တာ ဦးအေးကျော်နှင့်အဖွဲ့ဝင်များ၊ ဂျိုဝါထလွန်ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူများ၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၀၀ကျော် တက်ရောက်ကြသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် ၂၄၀၀ ကို ဂျိုဝါထလွန်ကျေးရွာ ချောင်းဘေးတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးကြပြီး မိုးတွင်းကာလတွင် ခြံစည်းရိုးကြက်ဆူပင်များ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၅၈)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၇

မြတ်ဗုဒ္ဓ၏ ပိဋကတ်တော် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော် တစ်ဆူပြုလုပ်လှူဒါန်းလျက်ရှိကြရာ မရမ်းကုန်းမြို့နယ် ၇ မိုင် ကုန်းမြင့်ရိပ်သာလမ်း အမှတ် ၃၆/အေ နေ ဦးမျိုးမင်း–ဒေါ်ဝါဝါမြင့် မိသားစု၊ သားမောင်သီဟဝင်းသူ–မသက်စုဟန် မိသားစု၊ မောင်ထူးခြားအောင်၊ မဇွန်ပွင့်ဖြူ မောင်နမတစ်စု၊ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီး အမှတ် ၂၇နေ ဒေါ်တင်မြ၊ ဒေါ်ခင်သွဲ့၊ သမီး မချိုနွယ်ဦး၊ မြေး နွေးရတနာထွန်း၊ ဟန်စုယဉ် မိသားစု၊ နှစ်ဖက်သော မိဘများအား အမျှထား၍ တာမွေမြို့နယ် ဈေးဟောင်းလမ်း အမှတ်(၃၂/ဘီ) နေ ဦးပေါ်ထွန်း– ဒေါ်မြင့်မြင့်ဝင်း မိသားစု၊ တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် ၂၇ လမ်း အမှတ် ၂၄၉ နေ ဦးချစ်အေး–ဒေါ်ပျော့ မိသားစုတို့က ကြေးပြားတစ်ချပ်စီနှင့် ဗိုလ်တထောင်မြို့နယ် ၄၂ လမ်း အမှတ် (၆၂/၆၄)နေ ဦးအောင်ကြီး–ဒေါ်လှတင်ဦးတို့၏ (၃၉) နှစ်မြောက် မင်္ဂလာအလှူအဖြစ် ကြေးပြားနှစ်ချပ်တို့ကို လာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော်ပြုလုပ် လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ပျော်ဘွယ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ချို့တဲ့ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံပေးခြင်းနှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို မေ ၂၅ ရက်က ယင်းတော်ကျေးရွာအုပ်စုအထက ၌ ကျင်းပရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသိန်းဝင်းက ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝင်းသန်းထံ စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (၂၅၀)



ယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူများ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ကဝ မေ ၂၅

ပဲခူးတိုင်း ကဝမြို့နယ် သခွတ်ကန်ကျေးရွာတွင် ဒုတိယအကြိမ် ယဉ်ကျေးမှုစာမေးပွဲအောင်မြင်သူများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၃၁ ရက်က သခွတ်ကန်ကျေးရွာ ရွာဦးကျောင်းတိုက်၌ ကျင်းပသည်။

သြဝါဒမြွက်ကြား

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး ကဝမြို့နယ် ပထမပြန်စာမေးပွဲဥက္ကဋ္ဌ ဆရာတော်ဖြစ်သော ရှမ်းကန်ကျောင်းဆရာတော်က ငါးပါးသီလနှင့် သြဝါဒစကား မြွက်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ယဉ်ကျေးမှုစာမေးပွဲတွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာအောင် ၄၁ ဦး၊ ဗုဒ္ဓဘာသာ မြန်မာစာဘာသာအောင် ၂၀ နှင့် အခြေခံအဘိဓမ္မာဘာသာအောင် ၂၀ တို့အား ယဉ်ကျေးမှုသင်တန်း နည်းပြ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာနန္ဒ (ဓမ္မာစရိယ)က အောင်လက်မှတ်နှင့် ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

(ဝဲပုံ) (က–ပ)

(၈၃)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် လမ်း ၁၁၀ ပဲခူးကျောင်းတိုက်မှ ရပ်ကွက်သံဃနာယက အကျိုးတော်ဆောင် အရှင်တေဇ(လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)**သည် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇွန် ၁၄ ရက်က ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်၌ (၈၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(က–ပ)

လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မတ္တရာ ဇွန် ၆

မန္တလေးတိုင်း မတ္တရာမြို့နယ် မြောက်ဘက်ခြမ်းရှိ ရေနံ့သာ ဆည်တော်ကြီးနှင့်ဥက္ကံဒေသအတွင်းတို့တွင် မေလကုန်ပိုင်းက မိုးများသည်းထန်စွာရွာသွန်းခဲ့ပြီး မြေသားစိုစွတ်နေခိုက် ခြံစည်းရိုးကြက်ဆူပင်များကို တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက လူထုလှုပ်ရှားမှု အသွင်ဖြင့် စုပေါင်းစိုက်ပျိုးလျက်ရှိကြရာ ဆည်တော်ကြီးဒေသ၌ အပင် ၁၃၄၀၀၀၊ စဉ့်ကူးသစ်တောအုပ် ဦးဇော်ဇော်ဝင်းနှင့် ဝန်ထမ်းများက အပင် ၅၅၀၀ ၊ အင်ကြင်းမြိုင်သစ်တောအုပ် ဦးစိုးလွင်နှင့် ဝန်ထမ်းများက အပင် ၃၀၀၀၀၊ ဥက္ကံသစ်တောအုပ် ဦးမြင့်နိုင်နှင့် ဝန်ထမ်းများက အပင် ၄၀၀၀၀ တို့ကို စိုက်ပျိုးပြီးကြောင်း သိရသည်။

(၃၆၄)

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် တစ်သိန်း ပျိုးထောင်ထားရှိမှုကို မေ ၁၄ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် အင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင် ကျောင်းတိုက် ပရိဝုဏ်အတွင်းငွေကျပ် သိန်း ၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် မေ ၂၅ ရက်က သာသနာပြု နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ နှစ်ဖက်သော မိဘများအားအမျှထား၍ မော်လမြိုင်မြို့ ဈေးကြိုရပ် ရတနာထွန်းပွဲရုံ အမှတ်(၁၅၂)မြရတနာလမ်းနေ ဦးဉာဏ်စိုး–ဒေါ်သဉ္ဇာအောင်မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

အခြေခံစိုက်ပျိုးထုတ်လုပ်ရေး တောင်သူဆင့်ပွား သင်တန်းအင်းတော်၌ဖွင့်

အင်းတော် ဇွန် ၁၀

အင်းတော်မြို့နယ် သမဝါယမဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရွှေကိန္နာရီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ အခြေခံစိုက်ပျိုးထုတ်လုပ်ရေး တောင်သူဆင့်ပွားသင်တန်း(၂/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၁၀ နာရီက အင်းတော်မြို့နယ် နန့်သာကျေးရွာ ဓမ္မိကာရာမကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ တောင်သူကြီး ဦးညွန့်ရွှေ၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းညွန့်၊ နေကမ္ဘာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးမောင်မောင်တို့က အမှာစကားပြောကြားကြပြီး အခြေခံစိုက်ပျိုးထုတ်လုပ်ရေး တောင်သူဆင့်ပွားသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကို သင်တန်းဆရာဦးတူးဂျာက ရှင်းလင်းတင်ပြသည်။

ထို့နောက် ယခင်နှစ် သင်တန်းသားတစ်ဦးက သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(၁၃၃)

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မောင်းတို့ မေ ၂၂ရက်က ရန်ကြီးအောင်ပန်းခြံဝင်းအတွင်း မြေယာရှုခင်းအလှပြုပြင်ခြင်းကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး စာအုပ်မျိုးစုံလှူဒါန်းပွဲ ဆားလင်းကြီး၌ကျင်းပ

ဆားလင်းကြီး မေ ၂၂

ဆားလင်းကြီးမြို့နယ် ဖောင်းကတာအုပ်စု ကျောက်ဖြူတိုင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို မေ ၁၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဦးချိုချိုအောင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးအောင်ကိုက စာအုပ်မျိုးစုံ ၃၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးချစ်ရွှေက လက်ခံရယူကြသည်။

(မြို့နယ် ပြန်/ဆက်)

စက်ချုပ်သင်တန်း ဟိုပင်မြို့၌ဖွင့်

ဟိုပင် ဇွန် ၁၀

ဟိုပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဟိုပင်မြို့ မူကြိုနေ့ကလေးထိန်းကျောင်းတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြသွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

စက်မှုလုပ်ငန်းအောင်မြင်ဖြစ်ထွန်းရေးနှင့် နည်းပညာတိုးတက်ရေး စက်မှုဇုန်လုပ်ငန်းရှင်အချင်းချင်း နည်းပညာဖလှယ်

နေပြည်တော် ဇွန် ၁၇

မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန်၁၅ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်သို့ သွားရောက်၍ မကွေးမြို့ရှိ စာသင်တိုက်များ ပဓာနနာယက ဆရာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✡

လောကနန္ဒာ မြစ်ရေတင်စီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် လောကနန္ဒာ မြစ်ရေတင်စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၈ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကုန်းမြင့်လယ်ယာနှင့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ် သတ်မှတ်ထားသောနည်းစနစ်များနှင့်အညီစိုက်ပျိုးထုတ်လုပ်

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၁၄ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မူဆယ်မြို့ရှိ လေယာဉ်ပြေးလမ်းဟောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းတို့က လေယာဉ်ပြေးလမ်း၏ သမိုင်းကြောင်းနှင့် လေယာဉ်ပြေးလမ်းကို ပေ၆၀၀၀ ကျော်အထိ တိုးချဲ့နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ရှိလေယာဉ်ပြေးလမ်းအား အသုံးပြုနိုင်စေရန် ပြုပြင်မွမ်းမံနိုင်မည့် အစီအစဉ်များကို ကြိုတင်စီမံထားရှိရန် မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❒

စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင်အကောင်အထည်ဖော် ဆန်စပါးကို လျာထားချက်ထက်ပိုမိုစိုက်ပျိုးထုတ်လုပ်

ရန်ကုန် ဇွန် ၁၇

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ တပ်မတော်အရာရှိကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၁၃ရက် နံနက် ၇နာရီခွဲတွင် မောင်တောမြို့နယ် နွားရုံတောင်ကျေးရွာအုပ်စု၌ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က စိုက်ပျိုးထားသည့် ရော်ဘာဧက ၂၀၊ ရော်ဘာအပင် ၄၀၀၀ကျော် စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စစ်မှုထမ်းဟောင်းမိသားစုများ အပိုဝင်ငွေရရှိရေးအတွက် ရော်ဘာပင်များ ဖြစ်ထွန်းအောင်မြင်ရေး ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် ရော်ဘာအစေးခြစ်ယူသည့်လုပ်ငန်း တတ်ကျွမ်းစေရန် စီစဉ်ဆောင်ရွက်ပေးရေး မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✡

၂၀၀၆ ကမ္ဘာ့ဖလား ယနေ့ပွဲနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်လျက်ရှိရာ ဇွန် ၁၈ရက် **(ယနေ့)** ကစားမည့် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်း ဖော်ပြလိုက်ပါသည်။

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း (ဂိုး) တင်အောင်

- **ဂျပန်နဲ့ ခရိုအေးရှားပွဲဆိုရင် ဂျပန်တို့ကစားပုံကောင်းတယ်၊ ညီညွတ်ပြီး စုစုစည်းစည်းလဲရှိတယ်၊ ဒီပွဲအနိုင်ကစားမှ အုပ်စုကတက်နိုင်မှာဆိုတော့ ဂျပန်တို့ ဖွင့်ပြီးအနိုင်ကစားမှာပါ၊ ခရိုအေးရှားလဲနိုင်မှ အုပ်စုတက်ဖို့ မျှော်လင့်နိုင်တာမို့ သရေကျလို့မဖြစ်ပါဘူး၊ ကြည့်ကောင်းမယ့်ပွဲပါ။**
- **ဘရာဇီးနဲ့ ဩစတြေးလျတို့ပွဲကတော့ ဘရာဇီးကိုကြိုက်ပေမယ့် ကစားပုံ အားမရဘူး၊ ဒါပေမယ့် ဘရာဇီးတို့က တိုက်စစ်ကို ချက်ချင်းအရှိန်မြှင့်နိုင်တဲ့အသင်းဆိုတော့ ဘရာဇီးတို့ အားသာချက်ရှိပါတယ်၊ ဩစတြေးလျကတော့ ခံကစားမှာပါ။**

စာမျက်နှာ ၆ ကော်လံ ၁ ■